
စိတ်ကူးချိုချိုအနုပညာ



သိမ်းတင်သား

# ဒရှင်လက်လက် တွေ့ခဲ့ဖူးသူများ

mgyoe.com

mgyoe.com

စာရေးသူက
ရှိသေခဲ့ရသော . . . .
စာရေးသူက
လေးစားခဲ့ရသော . . . .
စာရေးသူက
ခင်မင်ခဲ့ရသော . . . .
စာပေအနုပညာနယ်မှ
ကြွေလွင့်ခဲ့ကြပြီးသည့်
ထင်ရှားကျော်ကြား
စာပေပညာရှင်၊
အနုပညာရှင်တို့နှင့်
ထိစပ်ပတ်သက်ခဲ့ရသမျှ
ရိုးရှင်းပွင့်လင်း
လွမ်းဆွတ်အမှတ်ရချက်များ

uttt 0002 / 2500

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈·၈၃

အရှင်လတ်လတ်တွေ့ခဲ့ဖူးသူများ
သိမ်းတင်သား - ရှေ့ကုန်း၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၉၇ မျက်နှာ၊ ၁၃ စင်တီ x ၂၀·၅ စင်တီ
(၁) အရှင်လတ်လတ်တွေ့ခဲ့ဖူးသူများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အရှင်လတ်လတ် တွေ့ခဲ့ဖူးသူများ

## သိမ်းတင်သား

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ မရေးရင်မနေနိုင်တာက လွဲလို့ စာဘွဲ့မှူးအကြောင်း - ၁

၂။ ပါပါးနဲ့ ဝေးသွားတဲ့အခါ တော်မိစိုးအောင် (Aces) အကြောင်း - ၈

၃။ အင်းလျားလိတ် သိပ်မိုက်လွန်းတယ်
သျှပ်နဲ့ ကြက်ခြီးတွေ အကုန်သောက်မယ် - ၁၅

၄။ ထူးအိမ်သင်အတွက် စိတ်အနှံ့ပျောက်ဆေး အလိုရှိသည် - ၂၂

၅။ ဆင့္မြမပြောက် တိမ်တိုက်ထဲက ထူးအိမ်သင်ရဲ့ နတ်ရထား - ၃၂

၆။ ကျားကစားတဲ့ မိုးတိမ် - ၄၈

၇။ ကိုသစ်မင်းအတွက် 'Money' ဘိုးတော်အတွက်တော့ "ရေ" - ၅၄

၈။ ခေါင်းလောင်းလေးတွေ တပြည်တည်းပြည် - ၆၂

၉။ အသက် ၅၀ ပြည့် ထူးအိမ်သင်နှင့် အပ်ငိုကာ - ၇၄

၁၀။ မန္တလေးသိန်းဇော် ဘီယာမသောက်တတ်ပါ
ထူးအိမ်သင်ကတော့ ကျားသမ်းတတ်ပါသည် - ၈၀


mgyoe.com

mgyoe.com


၁၁။ ဘီတယ်ရယ်၊ ပလေးဘွိုင်းရယ် ကျွန်တော်တို့ရယ်… - ၈၄

၁၂။ ယုန်ကလည်း တိုး ပိုက်ကလည်း တိုး - ၉၀

၁၃။ ကြက်တူရွေးတစ်ကောင်နဲ့ နတ်ရွာသွား ပန်းချီဆရာ
သတိရစရာ … ကေမြိုးအကြောင်း - ၉၈

၁၄။ ခင်ဝမ်းနဲ့ မောင်ချောနွယ် ခြသေ့်နှစ်ကောင်ရှိခဲ့ဖူးတဲ့
နွေဦးတစ်ခုအကြောင်း - ၁၀၄

၁၅။ ဆက်သွယ်မှုငရိယာပြင်ပတွင် ကေအေတီ နေထိုင်ခြင်း - ၁၁၀

၁၆။ သရဖူ တာရာမင်းဝေ… အမည်းကောင်တို့အကြောင်း - ၁၃၃

၁၇။ ချစ်သူတွေ ရန်မဖြစ်ဖို့ သူပြန်သွားပါပြီ - ၁၄၇

၁၈။ ဦးသုမောင်အတွက် ဘီယာတစ်ဖာ - ၁၆၀

၁၉။ မွေ့ရာမဲ့ခုတင်ပေါ်က ရာပန်းဆီပုလင်းတစ်လုံး (သို့မဟုတ်)
လူရှင်တော် မော့စ်အကြောင်း ကောက်ကြောင်း - ၁၆၅


၂၀။ ပေါ်ဦးသက်နှင့် ပန်းချီ မောင်ဒီ နတ်လောင်းလျာတို့အကြောင်း - ၁၇၇

၂၁။ ဆရာတို့နှစ်ယောက်အတွက် မျက်ရည်တစ်ပေါက် - ၁၈၅

၂၂။ ကောင်းကင်မှာ စွဲထင်နေတော့မည့် ရုပ်ပုံလွှာ (သို့မဟုတ်)
ငြိမ်းချမ်းရေးကဗျာ - ၁၉၂


mgyoe.com

mgyoe.com



mgyoe.com

## စောဘွဲ့မှူး

# မရေးရင် မနေနိုင်တာကလွဲလို့…
# စောဘွဲ့မှူးအကြောင်း

"အနုပညာဆိုတာ Intrinsic Value အစစ်အမှန်တန်ဖိုး တစ်ခု အမြဲရှိနေတာကွ။ Extrinsic Value ခေါ်တဲ့ အသုံးချတန်ဖိုးပဲရှိမယ်ဆိုရင်… အဲဒီ Works ဟာ ဂိုက်မကျတော့ဘူး။ ကာလတစ်ခုအထိပဲ အသုံးကျမယ်။ ခေတ်ကာလအဆက်ဆက် အလုပ်မဖြစ်တော့ဘူး။ ဟန်မကျတော့ဘူး။ ဥပမာကွာ.. 'စခန်းအခြေသာပြီလေ× × လမ်းစဉ်ပါတီ ဦးဆောင်ခဲ့ပြီလေ× × ' ဆိုတဲ့သီချင်း … မင်း အခုကာလမှာ ဘယ်မှာ နေရာကျတော့လို့လဲ။ ဒါ့ကြောင့် ဘယ်အနုပညာတစ်ရပ်ရပ်ပဲဖြစ်ဖြစ် Intrinsic Value ရှိအောင် ဖန်တီးမှနေရာကျတာကွ" ဒီလို အယူအဆတစ်ရပ်ကို ပို့ချ၊ လမ်းညွှန်၊ ဆွေးနွေး၊ တင်ပြခဲ့သူက ဆရာ ဦးသိန်းဇံ (ဒေါက်တာ နန္ဒာသိန်းဇံ၊ ကွယ်လွန်)ပါ။ အချိန်က ၁၉၈၅ / ၈၆ ကာလကပါ။ နာယူခဲ့သူတွေက ဦးစန်းတင့် (လ/ထ ကတိက ငြိမ်း)၊ ဖိုးသာထူး (တင်မျိုးလွင်)၊ ကိုစိုးလွင် (သုညလူ)၊ကိုသော်တာဇံ (ကွယ်လွန်)၊ကိုမြင့်မိုး (မြင့်မိုးအောင်)၊ ကိုတူး (ကထိက၊ အင်္ဂလိပ်စာဌာန၊ ပုသိမ်တက္ကသိုလ်)နဲ့ အောင်ကျော်ဦး (စာရေးသူ)တို့ ဖြစ်ခဲ့ပါတယ်။ ဆရာ့စကားအခြေအမြစ် ရှိ မရှိကိုတော့ စာဖတ်သူသာ ဆုံး

mgyoe.com

mgyoe.com

ဖြတ်ပါလေ။

အဲဒီကာလကပေါ်ထွက်ခဲ့တဲ့ သီချင်းတစ်ပုဒ်ဟာ သီချင်းအင်္ဂါရပ်တွေနဲ့ ညီညွတ်နေတဲ့အပြင် ၊ အဆင်ပြေလွန်းလို့ ကျွန်တော်တို့ အဆောင်မှာ Serenate လုပ်တိုင်း ဆိုဖြစ်ခဲ့ကြတယ်။ သီချင်းဆိုသူက...လွှမ်းမိုး၊ ရေးသူက ကိုဇော်ဝင်း(Plucking) ခေါ် စောဘွဲ့မှုး။

'မဟာရန်ကုန်အရှေ့ပိုင်းမှာ နေထိုင်ကြီးပြင်းခဲ့တဲ့ ချစ်သူဆီ× × မဟာရန်ကုန်အနောက်ပိုင်းက တို့မသွားနိုင်ပါ× × မဟာအုတ်တံတိုင်း ပိုင်းခြား နေပါပေါ့× × အရှေ့ဘာလင် × × အနောက်ဘာလင်လို× × ပကာသနတံတိုင်း ပိုင်းခြားနေပါပေါ့× × အရှေ့ရန်ကုန်× × အနောက်ရန်ကုန်× ×

ဘယ်လောက် လှပတဲ့ အဖွဲ့အနွဲ့လည်းဗျာ။ ဒီကာလက ကိုဘွဲ့မှူးကို ကျွန်တော် မသိခဲ့ရသေးဘူး။ သူ့အရည်အချင်းကိုတော့ ညွတ်နေမိပြီ။ သူဟာ ဓာနည်စံထွန်း (Professioanl တီးဝိုင်းထောင်သူ၊ ကိုကြီးစံ၊ အခုအဆိုတော် ဉာဏ်လင်းအောင်ရဲ့အဖိုးအရင်း)ဆီမှာ ဂီတာတီးသင်တန်းပေးနေကြောင်း၊ အဲဒီမှာစတည်းချပြီး လူငယ်တွေကို ဂီတာသင်ပေးနေကြောင်း၊ သီချင်းတစ်ပုဒ်ကို ကိတ်မုန့်တစ်လုံးနဲ့ လဲပစ်တာရှိသလို၊ အလကားလည်း ပေးတတ်ကြောင်း.... ကျွန်တော်တို့ တီးဝိုင်းက ကိုဘွဲ့မှူးရေးခဲ့တဲ့ ကိုစောအေး (စောကိုကို ဆိုပြီး စီးရီးထွက်ခဲ့ဖူးပါတယ်)က ပြောပြဖူးတယ်။ ကိုဘွဲ့မှူးရေးခဲ့တဲ့ အဲဒီ သီချင်းတွေကို ကျွန်တော်တို့ တီးဝိုင်းက Owntune အဖြစ် Arrangement လုပ်ပြီး တီးခဲ့ဖူးပါတယ်။

ဦးဇော်ဝမ်းပြန်ဆိုခဲ့တဲ့ 'မော်တော် ဆိုင်ကယ်'၊ 'စံပွင့်လေး'၊ 'မာမိကြီးနဲ့ ဘကြီးဖျက်ကြတယ်'...စတာတွေပါ။ နောက်တော့ ကိုဘွဲ့မှူးတို့အဖွဲ့ ပုသိမ်ကိုလာတီးတယ်။ ဖြစ်ချင်တော့... သူ့ ယောက်ဖဟာ 'ကိုသောမတ်စ်' ဆိုတဲ့ ရေတပ်က ဘောလုံးသမား၊ ကျွန်တော်တို့လမ်းထိပ်တင် နေတာပါ။ ကိုဘွဲ့မှူး အဲဒီမှာ တည်းတယ်။ ဝက်ခေါင်း တစ်ခေါင်းလုံးကုန်အောင် တုတ်ထိုး လုပ်စားပစ်တယ်လို့ သိလာရတယ်။ ဒီတုန်းက သိပ်မဝသေးဘူး။ ဒါပေမဲ့ မောနေလို့ ဓာတ်စင်ပေါ်မှာ ကုလားထိုင်တစ်လုံး တင်ပေးထားရတာ မှတ်မိနေပါတယ်။ သူဆိုတော့ ... 'ကြက်ခြံထဲက အလွမ်း'.. ကဲ ကြည့်ဦး။ ဒီကာလက 'စကက်နက်'က 'ပစိဖိတ်အလွမ်း'ဆိုပြီး Hit ဖြစ် နေတာကို

mgyoe.com

ကိုဘွဲ့မှူး လုပ်ပေါက်က ဒီလို။ ပြီးတော့... Linda, Linda မလင်းဒါ... သူ့ရာမှုလင်းဒါ တဲပါယားလို့လည်း ဆိုပြတယ်။ လင်ဒါက လူနာမည်၊ သရာမှုဆိုတာ စကောကရင် စကားနဲ့ 'ဆရာမ'။ တဲပါယား ဆိုတာဟာလည်း ကရင်စကားပါပဲ။ ငါ့ကိုပြောပါပေါ့။ သူမို့ ပေါက်ပေါက်ရှာရှာ။ အင်္ဂလိပ်လိုရော၊ ကရင်လိုရော၊ ဗမာလိုရော Hybrid လုပ်တတ်ပါပေ့။ ကိုဘွဲ့မှူးအကြောင်းရေးရရင် အကြာကြီးရေးရမှာပါ။ မြန်မာ့ခေတ်ပြိုင်ဂီတလောကမှာ "ကလေး× × ကိုယ့်ကို နားလည်ပေးပါကလေးရယ် × × လူတွေ လူတွေမေးငေါ့မျက်စောင်းထိုး× × အခု (ကိုညွန့်) ချစ်ကောင်း သီဆိုအောင်မြင်နေတဲ့ အဲဒီသီချင်းဟာ ကိုဘွဲ့မှူး ရေးခဲ့တာပါ။ 'မျိုးညွန့်နဲ့ စောဖြူ'တို့ရဲ့ စီးရီးမှာ အရင်ဆုံးပါခဲ့တာ။ စောဖြူဆိုတာက Drummer ပါ။ အဲဒီသီချင်းဟာ ကောင်းခဲ့သလို ကိုဘွဲ့မှူး မအပ်မရာ လုပ်ခဲ့တာလည်း အဲဒီစီးရီးမှာ ပါခဲ့ပါတယ်။ ဘယ်သူမှ ဒီနေ့အထိ မလုပ်ဝံ့၊ မလုပ်သေး၊ (မလုပ်ချင်ကြတာလားတော့ မပြောတတ်ဘူး) မကြံစည်ဖူးတာကို ကိုဘွဲ့မှူး လုပ်ပစ်ခဲ့တယ်။

"ဆရာဝန်ညွှန်ကြားချက်ကြောင့် × × မင်းလေးထံ× × မောင်ပြန်လာခဲ့ပြီ။ ဆရာဝန်ညွှန်ကြားချက်ကြောင့် မင်းလေးထံ မောင်ပြန်လာခဲ့ပြီ" အဲဒီစာသားနဲ့ မယ်လိုဒီ အတက်အဆင်းပဲပါတယ်။ တစ်ပုဒ်လုံး ဒါချည်း ပြန်ပြန်ဆိုထားတာလေ။ လုပ်ရဲတာပြောပါတယ်။ ကိုဘွဲ့မှူးရဲ့ ... 'ရုပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ်' တို့ 'မော်တော်ဆိုင်ကယ်' တို့ 'ကားပြိုင်ပွဲ' တို့ဆိုတာ .. ဒီနေ့ထက်ထိ အံကျဖြစ်တုန်းပါ။ 'ဟုမ်းလမ်းခုံးတံတားကို ကျော်လာရင်× × မြန်မာပြည် ဟောလိဝုဒ်ကို ရောက်ပြီ× × × ဟောလီဝုဒ်ရပ်ကွက်ထဲက× × အိမ်တွေက နွေဆို မီးလန့်လန့်လို့နေ × × ခွက်လက်ဆွဲဖို့ကို× × မတုန်လှုပ်အား× × × ဒီက အတီးအမှုတ်သမား လုပ်သားတွေ × × အမေရိကန် ဟောလိဝုဒ်က Rollroyce ကားကြီးတွေစီးနေတဲ့ အနုပညာရှင်တွေနဲ့ ရန်ကုန် ဟုမ်းလမ်းအောက်ချိုင့်က အနုပညာရှင်တွေကို နှိုင်းယှဉ် ရေးဖွဲ့ခဲ့တာ သိပ်ကောင်းခဲ့တာပါ။ အဲဒီ ကိုဘွဲ့မှူးကို ကျွန်တော် ခင်မင်ခွင့်ရခဲ့ပါတယ်။ သူ့အကြောင်းတွေလည်း သိခဲ့ရပါတယ်။ သူ့အဖွဲ့သားတွေ (ဒီတုန်းက Symphony အဖွဲ့ပဲရှိပါသေးတယ်။ IC မဖြစ်သေး

mgyoe.com

mgyoe.com


ပါဘူး) ကတော့..."ခင်ဗျား ကိုစောဘွဲ့အုန်း၊ ဘာတွေ Own သွားသလဲ"တဲ့။

ကိုဘွဲ့မှူးဟာ Owntune တွေ ရေးသလို၊ Own တာတွေလည်း လျှောက်ပြောတတ်တယ် ဆိုပဲ။ မသိဘူးလေ။နားထောင်လို့တော့ ကောင်းခဲ့ပါတယ်။ ကိုဘွဲ့မှူး 'အုန်း' တာက ...

အဲလေ ... ပြောပြဖူးတာက သူ့အဖေဟာ 'ကာနယ်စောထွန်းစိန် ဖြစ်ကြောင်း၊ အမှတ် ၃ ကရင်သေနတ်ကိုင်တပ်ရင်းမှူး၊ စစ်ရဲတပ်ရဲ့ ရဲတပ်မင်း၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဆော်ဒါ၊ နောက်ရန်ကုန်တိုင်း တရားသူကြီး ဖြစ်လာခဲ့တယ်တဲ့။ ဒီမှာတင် 'နတ်' ဖြစ်နေတဲ့ ကိုဘွဲ့မှူးကို "ဇော်ဝင်း... မင်းနဲ့ငါ တရားရုံးမှာ 15 (B), 14(D) နဲ့ မတွေ့ချင်ဘူး။ မင်း ဖြုတ်ရမယ်" ဆိုပြီး ၃၈ လမ်းထဲမှာ အခန်းဝယ်ပေးပြီးထားခဲ့ကြောင်း၊ တစ်နေ့တော့ အဲဒီအခန်းကို ဗိုလ်မှူးကြီး စောထွန်းစိန် ရောက်အလာ ... ငါကကွာ... ဖြုတ်နေတော့ ဂေါက်နေပြီလေ။ ငါ့အဖေကို Daddy ခေါ်လား၊ ကရင်လို အပါးခေါ်သလား၊ ဖေဖေလို့ခေါ်လား မမှတ်မိတော့ဘဲ ... Baby လို့ ခေါ်မိလိုက်တယ်ကွာ ..."ဆိုပဲ။ ကိုဘွဲ့မှူးဆိုတာ ဒီလိုပုဂ္ဂိုလ်ပါ။ တစ်ရက်လည်း ငါက သီချင်းဆိုမိတယ်ကွာ။'ငါတို့ဗမာပြည် မိဘတိုင်းကကွယ်× × ကိုဘွဲ့မှူးလို သူရဲကောင်းတွေ မွေးရမယ်' လို့ ဆိုလိုက်တာ ငါ့အဖေက သေနတ်နဲ့ လိုက်ပစ်တော့တာကွာ" ဆိုပဲ။ 'အုန်း' တာလားတော့ မသိပါဘူး။ နားထောင်လို့တော့ ကောင်းခဲ့ပါတယ်။ အခြေအနေအရ စကားစဉ်ကို ချုံ့ရပါတော့မယ်။ ဒီလို IC စဖွဲ့ပါတယ်။ သူတို့ Session ထွက်မတီးကြေး လုပ်ပါတယ်။ ဒီကာလမတိုင်ခင်မှာ အဆိုတော် အောင်ရင်က မန်နေဂျာလုပ်ပြီး လီဒ်ဂစ်တာ ကိုဘွဲ့မှူး၊ ဘေ့စ် ညီညီသွင်၊ ရစ်သမ် ထူးအိမ်သင်၊ ကီးဘုတ် လီယိုနာ့ဒ် မောင်မောင်လွင်။ ဒရမ် တွတ်ကီ၊ ကြွက်နီဆိုပြီး Success အမည်ခံလို့ အတော်တီးဖြစ်ခဲ့တာပါ။ ပိုးပိုး(ပိုးဒါလီသိန်းတန်) ကို ကိုအောင်ရင်က ပထမဆုံး ပွဲထုတ်ခဲ့တာပါ။ ပိုးပိုးလည်း အောင်မြင်လာရော သူ့အမေ (မမပရယ်) ဒေါ်ပြေချစ်ခင်က သမီးလေးနောက် လိုက်ရပါတော့တယ်။ ပိုးပိုးက ကလေးလေးပါ။ ဒီမှာတင် ...ကိုဘွဲ့မှူးကို ကိုတွတ်ကီတို့က 'စောဘွဲ့မှူး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ ကျောက်ဆည်ဆင်ကြီး' လို့ စပါတယ်။ ကိုဘွဲ့မှူး အရမ်းစိတ်ဆိုးခဲ့ပါတယ်။ ဆိုးစရာ

mgyoe.com

mgyoe.com


ပါလေ။ နောက်တော့ IC ပွဲဦးတွေမှာ မိုက်စမ်းမောင် (ချစ်စမ်းမောင် မဟုတ်ဘူးနော်) အဖြစ် ထွဏ်းထွဏ်းနဲ့ 'ကောင်းဆက်' အမြဲပါတယ်။ သူတို့အသီးသီး အောင်မြင်သွားတော့ . . . IC ရဲ့ ဆရာကြီးအစစ် ကိုဘွဲ့မှူးကဆိုပါတော့တယ်။ 'ကိုယ့်အသည်းကို မြန်မြန်ခွဲပါ× × ခွဲခန်းကို မြန်မြန်ပို့ပါ× × တို့၊ 'ဖန်စီဒိုင်း' တို့၊ အခုနာမည်ကျော် 'ရောဂါ' တို့ကို ဆိုရမှ သူစိတ်ကျေနပ်တတ်တာပါ။ ဒီတုန်းက IC မန်နေဂျာ ဒေါက်တာကိုကိုလွင်က 'ကိုဘွဲ့... ဒီည မိတ်မဆက်ရဘူး' လို့ တားမြစ်လိုက်ရင် သူ စိတ်ကောက်ပါလေရော။ ဂစ်တာလည်း မတီးတော့ဘဲ ငူငူကြီးထိုင်နေပါရောလား။ တစ်ခါက မန္တလေးမှာ IC ပွဲရှိလို့ ကျွန်တော်လည်း ကိုသျှပ်(ထူးအိမ်သင်)ရဲ့ PSO အဖြစ် ပါသွားခဲ့ရပါတယ်။ 'ထွန်းလှပဲတယ်' မှာ ကောင်းနေတုန်း၊ ကိုဘွဲ့ကတော် မဖောက ကျွန်တော့်ကို လာခေါ်ပါ တယ်။ "ဟဲ့ လာပါဦး၊ နင့်အစ်ကို သွေးတွေတက်ပြီး အသက်မရှူနိုင်တော့ဘူး၊ လာနှိပ်ပေးစမ်းပါ"တဲ့။ ကျွန်တော်က အဲဒီကာလမှာ 'အနှိပ်တော်နတ်' ဖြစ်နေခဲ့တာပါ။ ကောင်းပြီးရင် လက်က လျှောက်နှိပ်နေပြီလေ။ ဒါနဲ့ ကျွန်တော် လိုက်သွားပြီး နှိပ်ပေးတော့... ကိုဘွဲ့က ကိုယ်တုံးလုံးကြီးနဲ့။ အသက်ပြန်ရှူ။ ပြန်ကောင်းသွားပြီးမှ ဘာဖြစ်တာလဲ မေးတော့... "ငါကွာ.. ကျုံးဘေးမှာ ဆိတ်ဦးနှောက်တွေ့လို့ ကြိုက်ပြီး စားလိုက်တာ ၅ လုံးလောက် ကုန်သွားရော၊ ဒီလို သွေးတွေတက်ပြီး ကံကောင်းလို့ လစ်တော့မလို့ကွာ"တဲ့။ ကျွန်တော်က... "ကိုဘွဲ့ရာ ဆင်ဦးနှောက် ၅ လုံးသာ စားဗျာ။ လစ်သွားတော့အေးရော" လို့ ပြောပစ်ခဲ့ရတယ်။ ဒါ့ကြောင့် ပုသိမ်မှာ ဝက်ခေါင်းတစ်လုံးလုံး ကုန်တာ ယုံရတာပေါ့လေ။ တစ်ခါကလည်း ၁၉ လမ်းမှာ ဝက်လက်၊ ဝက်ခြေထောက် သွားစားတာ ဆိုင်က မရောင်းတော့ဘူးဆိုပြီး မောင်းထုတ်လိုက်တယ်တဲ့။ စားနေတုန်း သူ့ဆိုင်မှာ လစ်သွားရင် ဒုက္ခပဲလေ။

ဩော်... ဂီတဆရာကြီး ကိုဘွဲ့မှူး တော်တော်မမာဖြစ်လို့ ဆေးရုံတက်ရတော့... ကိုသျှပ် (လူနာသွားမေတုန်း)ကို မေးသတဲ့။ "ဟိုကောင်ရော" တဲ့။ ကိုသျှပ်က.. "ကရင် မင်းကို ကိုဘွဲ့မှူး မေးနေတယ်။ သွားနိုင်ရင်သွားလိုက်ဦးကွာ" ဆိုတော့ .... ဘာမှ ဖြစ်ဖြစ်မြောက်မြောက်လည်း မဟုတ်ဘဲ ကိုယ်မရှိရင် မပြီးတော့သလိုလို အလုပ်တွေရှုပ်နေတဲ့ ကျွန်တော် မသွား

mgyoe.com

mgyoe.com

ဖြစ်လိုက်ဘူး။

တစ်ခါက Studio D မှာ "အိမ်ရှေ့မှာ အိမ်ကခွေးတွေ ဟောင်တိုင်းလည်း ဧည့်ကောင်းတွေလာတတ်သတဲ့× × " ဆိုတဲ့သီချင်းကို ကက်ဆက်နဲ့ အဆိုတော်အတွက် ဆိုထည့်ပေးနေတုန်း ကျွန်တော်ရောက်သွားတော့ "ဟာကွာ.. မင်းနဲ့ ဆုံရပြန်ပြီ၊ ဒါက ပိုးပိုး(ပိုးဒါလီသိန်းတန်)အတွက်စာသားကွ၊ ဒါက .. . ကိုသိန်းတန် (သူ့အဖေဆိုဖို့) 2 in 1 ၊ မယ်လိုဒီကဒါပဲကွာ" ဆိုပြီး လုပ်နေတာ ကျွန်တော် မိလိုက်ပါတယ်။ ကိုဘွဲ့မှူးလုပ်ရင်ဒီလိုဖြစ်တတ်တယ်။ တစ်ခါကလည်း 'မြတ်မြတ်နိုးနိုး' ဆိုတဲ့ သီချင်းကို ကောင်မလေးနှစ်ယောက်ကို မေ့ပြီး ရောင်းမိလို့ အဆိုတော် ကောင်မလေးနှစ်ယောက် ထသတ်ကြတာ 'မချစ်ရင် မနေနိုင်တာကလွဲလို့' ကိုလည်း မေ့ပြီး ရောင်းမိတာ ကိုဘွဲ့မှူး (အစစ်)ပါ။

ကဲ ... ကိုဘွဲ့ရေ ... ဆရာနန္ဒာသိန်းဇံ ပြောသလို Intrisic Value ရှိရမယ်ဆိုတာ ခင်ဗျားလက်ခံမလားဗျာ။ ဘာလင်တံတိုင်းလည်း ပြိုကျခဲ့ပြီ။ IC လည်း မြန်မာပြည်ရဲ့ 'အဓိပတိတီးဝိုင်းကြီး' ဖြစ်ခဲ့ပြီ။ ငှက်ကြီးလည်း လစ်ပြီ။ အန်ကယ်တိုး (ကိုခင်မောင်တိုး)လည်း လစ်သွားပြီ။ ခင်ဗျားသား ဘိုတောက်ကိုတောင် ပလေးဘွိုင်း ဦးသန်းနိုင်က အကြိုက်ဆုံး ဒရမ်မာလို့ ကျွန်တော့်ကို ပြောခဲ့ပြီ။ ဟော... မစ္စတာဘာရက် အိုဘားမားလည်း ဟုမ်းလမ်းဟောလိဝုဒ်ကို ရောက်လာခဲ့ပြီးပြီ။ အခု အောင်မြင်နေတဲ့ ဉာဏ်လင်းအောင်ဆိုတာ ... ကိုကြီးစံ (ဇာနည်စံထွန်း)ရဲ့ မြေးအရင်းဗျ။ ကိုဘွဲ့အကြောင်း ကောက်ကြောင်းမျှကို မရေးရင် မနေနိုင်တာကလွဲလို့ ကျွန်တော်ရေးလိုက်မိပါပြီ။

တစ်နေ့တော့... ကျွန်တော်တို့ ပြန်တွေ့ကြတာပေါ့။ ဒီကျရင် 'အပြစ်ရှိတဲ့ ကျွန်တော်က အပြစ်မရှိတဲ့ ဂစ်တာ ကို ပခုံးထက်ထမ်းပြီး ဆင်းခဲ့ချိန်ကတော့... Venture တေးတွေနဲ့ × × × ' ဆိုကြရအောင်ပါ။

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ပါပါးနဲ့ ဝေးသွားတဲ့အခါ...
# တော်မီစိုးအောင် (Aces) အကြောင်း

ပုသိမ်သားတစ်သိုက်၊ ရန်ကုန်မြို့ ဘားလမ်းထိပ်၊ အနော်ရထာလမ်းပေါ်က သစ်လွင်ဆိုတဲ့ အပ်ချုပ်ဆိုင် (အခု မရှိတော့ပါဘူး) ရှေ့မှာ စုရုံး၊ ရုံးစု လုပ်နေခဲ့ကြဖူးတယ်။ ၁၉၈၅ ခုနှစ်လောက်ကပါ။ အဲဒီတောသားတစ်သိုက်ဟာ သူတို့ခေါင်းဆောင်၊ သူတို့ဘော်ဒါ တပ်ဦးက သူ့ရဲကောင်းကို ဂုဏ်ပြုဖို့ ရှိတာလေးတွေ ပေါင်းနှံပြီး မဟာရန်ကုန်ကို တက်ခဲ့ကြတာပါ။ 'ထူးအိမ်သင်'လို့ ဖြစ်လာမယ့် ကိုသျှုပ် (သျှုပ်မှုုးကျော်) ရဲ့ အသံသွင်းကို အားပေးဖို့ရောက်လာခဲ့ကြတာပါ။ ဘိုးတော်က မှာလိုက်တယ်လေ။ "မင်းတို့ ငါ့အသံသွင်း အိုအေစစ်စတူဒီယိုကို လာခဲ့၊ OASIS မလာခင် ဘားလမ်းက 'သစ်လွင်' အပ်ချုပ်ဆိုင်မှာ စုံစမ်း၊အဲဒါ Aces ကို ဆက်သွယ်ရမယ့်နေရာဆိုပဲ။ ကျွန်တော်က ဦးဆောင်ခဲ့ရပါတယ်။ဒီမှာတင် တရုတ်ကြီးတစ်ယောက်က အဝတ်ညှပ်တဲ့ကတ်ကြေးကို တချပ်ချပ်နဲ့... တရုတ်သံပေါက်နေတဲ့ ဗမာစကားနဲ့ မပီကလာ ပြောပါလေရောဗျာ။

"ဘာ ... ဘယ်က ကျော်မြင့်လွင်လဲ ... မသိဘူး၊ ကျော်မြင့်လွင်သေပြီ" လုပ်ပါရော။ အလုပ်ရှုပ်နေရတဲ့ကြား ကျွန်တော်တို့က သူ့ကို သွားရှုပ်လို့ ဒီလို စကားဖြတ်ချလိုက်တယ် ထင်ရတာပါပဲ။ တော်ပါသေးရဲ့။ ကတ်ကြေးနဲ့ တကယ် မဖြတ်လိုက်လို့။ ဒီမှာတင် မျက်နှာပျက်သွားကြတဲ့

mgyoe.com

mgyoe.com


တော သားတစ်စုကို ... "ဘယ်က ကျော်မြင့်လွင်လည်း ပုသိမ်က ဆိုတာ လား၊ Oasis မှာတီးနေတယ်။ ၈ မိုင်ကိုလိုက်သွား၊ ၈ မိုင် လမ်းဆုံနဲ့ နမ် ဆင်းကြားထဲမှာ ရှိတယ်"လို့ လုပ်တော့မှ ကျွန်တော်တို့လည်း Oasis ကို ချီတက်ဝံ့ပါတော့တယ်။ ပွဲဖြစ်ပြီလေ။ Oasis ရောက်လို့ ကိုသျှပ်ကို ဒီအကြောင်းပြောပြတော့ ..."အဲဒါ ပါပါးရဲ့အစ်ကိုကွ၊ ငါနဲ့ မြင့်မိုး Aces ကို သွားချိတ်တုန်းက ဒါ ထက်ဆိုးတာပေါ့။ ပုသိမ်ကဆို မင်းအောင်လို သီချင်းတွေဖြစ်မှာပဲ၊ တို့က မတီးဘူး လုပ်တာကွ ... လို့ ပြောပါတော့ တယ်။ ဪ ... ပါပါး ... Aces မန်နေဂျာ၊ အနုပညာရှင် 'ဆိုက်ဆိုဖုန်း မာစတာ'၊ 'တော်မီစိုးအောင်'.... ဒီမှာတင် စတွေ့ဖူးရပါတယ်။ သဘော ကောင်းတဲ့ ပါပါးပါ။

Tommy ဆိုတာက ဘိုကျောင်းက ပေးတဲ့နာမည်၊ 'စိုးအောင်'က သူ့အဖေ Sir Name လို့ ထင်မိခဲ့တာ၊ မဟုတ်။ သူ့ကိုအားလုံးကို ပါပါး ဦးစိုးအောင်ပဲ ခေါ်နေကြတော့ ... ကျွန်တော်လည်းရောပြီး 'ပါပါး' လုပ် လိုက်ရတာပေါ့ဗျာ။ ပါပါးဟာ Aces ၊ Aces ဟာ ပါပါး။ အဲဒီလို စတင် သိခဲ့ပြီး ပါပါးနဲ့ခင်လာတော့ Aces အကုန်လုံးနဲ့ ခင်လာရရော။ ရောနှောပြီး ပညာယူဖြစ်ပါလေရော။ Aces သွားရာ တကောက်ကောက်လိုက် နေဖြစ်ပါ လေရော။ ကျွန်တော်ဟာ အဲဒီကာလမှာ ကိုအော့စ် (Aces ရဲ့ Drummer အော်စကာသန်းတင်) ဆီမှာ ဆည်းပူးရင်း Aces ရဲ့ Bass ကိုဗစ်(ဆလိုင်း ဗာလျှန်း) နဲ့ အတော်တွဲဖြစ်ခဲ့ပါတယ်။ တွဲဖြစ်တာမှ သူ့အိမ်လိုက် အိပ်ဖြစ်တဲ့ အထိပါပဲ။ 'ဖွတ်ချက်လေးစီးဖူးသလား ဟေ့'၊ 'နေဝန်းနီ ပေါ် ထွက်ပြီ'၊ 'ပန်းလေး မငိုပါနဲ့'... စတာတွေလည်း ရေးသားခဲ့သူ ဂီတဆရာ ကြီးပါ။ ဂီတမှာ အရမ်းတော်သလို စွေတာမှာလည်း ချန်ပီယံပဲ။ တစ်ရက် 'ကိုဗစ်' အိမ်မှာ အိပ်နေရင်း ... မိုးလင်းတော့ ကိုဗစ်က စကားစတယ်။

"ဟေ့ ဘဲ... တို့ တရုတ်ဆေးလေး သွားဆွဲရအောင်၊ သိပ်မိုက်တယ် ကွ"တဲ့။ ကိုဗစ်နေခဲ့တဲ့ ခဝဲခြံရပ်ကွက်အလွန် ကန်စွန်းခင်းထဲမှာ တော အရက်ပုန်းဆိုင်လေးရှိပြီး အမြည်းတွေကလည်း အဆင်ပြေပါတယ်။ ဟင်.. ခုမှ နေဝန်းနီ ထွက်ရုံရှိသေးတာလေ။ ကျွန်တော်က ကိုဗစ် ဒီနေ့ အသံသွင်း မရှိရင် ကျွန်တော်က အလိုက်ချည်းပဲ ပြောရတော့တာပေါ့။ ဒါနဲ့ ဆွဲကြပါ

mgyoe.com

mgyoe.com


ရောေ။ ဆွဲလို့မှ ရေရှိန်မကိုက်သေးချိန်မှာပဲ ဒရောသောပါးနဲ့ ဦးနီ လိုက်လာပါလေရောေ။ "ကိုဇစ်... ဒီနေ့ 'မေ' မှာရှိတယ်။ ဟာ ... ဒုက္ခပဲ... ပါပါးတော့ ဆဲတော့ပဲ"လို့ ပူပန်ပါလေရောေ။ ကိုဇစ်က တကယ်အေးဆေးပဲ။ လာ... သွားမယ်ဆိုပြီး ဦးနီ(Aces ရဲ့ တီးဝိုင်းကြိုပို့ကားဆရာ)နဲ့ လိုက်ခဲ့ပါလေရောေ။ ကျွန်တော်ရဲ့ မလှတဲ့မျက်နှာဟာလည်း ပျက်ရုံမက၊ ပေါက်ပါထွက်တော့မယ်။ ချောက်ကျပြီလေ။ ဒီမှာတင် ကိုဇစ်ကပဲ "ဟေ့... ဘဲ ကိုယ်တို့ မြေနီကုန်း ညဈေးမှာ ချောင်းဆိုးဆေးလေး ဝယ်သောက်မှကွ၊ ကိုယ်ချောင်းတွေ ဆိုးချင်နေတယ်" လုပ်ပါရောေ။ ဒါနဲ့ပဲ ဆရာကို အလိုလိုက်ပြီး ဆေးတိုက်ရတော့တာပေါ့လေ။ သေရည်နဲ့ ချောင်းဆိုးဆေး ... သဟဇာတမဖြစ်လိုက်ပုံများဗျာ။ မေစတူဒီယို (ရွှေတောင်ကြား)လည်းရောက်ရော Studio ကြမ်းပြင်မှာ ကိုဇစ်ဟာ ကားယားကြီး လှဲချလိုက်ပါရောေ။ အဲဒီနေ့က ကျော်ဟိန်းရဲ့ 'ထာဝရရှင်သန်နေမယ်' စီးရီးအသံသွင်းနေ့၊ မင်းသားကြီး ရောက်နေပြီ။ စာနယ်ဇင်းဆရာတစ်ယောက်ကို အာနေပြီ။ ကိုဇစ်က အဲဒီ ရှေ့မှာ ကားယားကြီး။ ဦးကျော်ဟိန်းက ကိုဇစ်နေတဲ့ ဆင်းရဲသားရပ်ကွက်ထဲ သူ့ကားနဲ့ လိုက်ပို့တော့ တော်ပြီဆိုတာ မရဘူး။ အိမ်အထိလိုက်ပို့မယ်လုပ်လို့ ကားကို ၃ ချက်လောက် ဆောင့်ကန်ခဲ့တဲ့ ကိုဇစ် ... ခုတော့ တုံးလုံးကြီး။

မင်းသားကြီးလည်း Mood တွေ အောက်လို့ အပြင်ထွက်သွားပြီ။ ပါပါးကတော့ ကျွန်တော့်ကို လိုမ့်ဆဲပါလေရောေ။ "မင်း ဘာကြောင့် 'ဇစ်တာ'ကို အရက်တိုက်ရတာလဲ၊ လန်ကြောက်ပဲ၊ အခု မျက်နှာပျက်ရပြီ၊ လန်ကြောက်ပဲ။ မင်း ... တီးဝိုင်းထောင်မှ ဒါတွေသိမယ်၊ ဝဋ်လည်မယ်" လုပ်ပါရောေ။ ကျွန်တော်လည်း ဘာမှပြန်မအာဝံ့ပေါ့လေ။ ဒီမှာတင် ကိုအောင့်စ်က ရေနွေးခွက်ကိုင်ကာ စတူဒီယိုထဲဝင်လာပြီး "ဇစ်တာ ... မင်းတီးမှာလား" လို့ စမေးခဲ့ပါတယ်။ ကိုဇစ်က... "မင်းတီးစေချင်လား" လို့ ပြန်ပြောခဲ့ပါတယ်။ ဒီမှာတင် ကိုအောင့်စ်က... "မင်း ... တီးမှာလား"၊ ကိုဇစ်က "မင်း ... တီးစေချင်လား" နဲ့တင် ပါပါးခမျာ မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရပါရောေ။ မင်းသားကြီးနဲ့ မျက်နှာပျက်ရပြီလေ။ ပါပါးရေ .. ခွင့်လွှတ်ပါဗျာ။

တစ်ခါကလည်း ဒီကာလတုန်းက အဆင့်မြင့်ဆုံး ဟိုတယ်ကြီးဖြစ်တဲ့ အင်းလျားလိတ်မှာ Aces အဖွဲ့ မင်္ဂလာဆောင် တီးခဲ့တယ်။Aces

mgyoe.com

မင်္ဂလာဆောင်တီးတာ ဘာမှမဆန်းပါဘူး။ တစ်နေ့တည်း ဒီတုန်းက ရှိသမျှ ဟိုတယ်အကုန် လက်မလည်အောင် တီးခဲ့ရတာပါ။ ကျွန်တော်က ပါ လေရာပေါ့။ အဲဒီနေ့က Strand Hotel ကနေ အကူးပေါ့။ အင်းလျားလိတ် မှာ တရုတ်စားသောက် ဆိုင်ရှိတယ်။ အဲဒီမှာ Rum ရတယ်။ Whiskey က ဘယ်တတ်နိုင်မှာတုံး။ ကိုဇစ်က "ဘဲ... ကိုယ်တို့ ၂ ပက်စီလောက် ဆွဲရအောင်'လို့ လုပ်ရော။ ကျွန်တော်က အလိုက်ချည်းပဲပေါ့လေ။ တကယ် က 2 pegs နဲ့ ဘယ်ရတော့မှာလဲ။ ၄ ပက်လောက်တွေ ဖြစ်ကုန်ရော။ ဒီမှာတင် ကိုဇစ်က ဇယားလုပ်လာပါတော့တယ်။ "ဟေ့... ပက်ထရစ် မင်းအသင့်ဖြစ်ရင် တီးရအောင်" ဆိုတော့ "ဟာ... ကိုဇစ် စောပါသေးတယ်။ အဆိုတွေ မရောက်သေးဘူး" ဆိုပါတယ်။ ဒီကာလက Session တီးနေတဲ့ ကိုဗညား (ဗညားနိုင်)ကို "ဟေ့ မင်းအဆင်သင့် ဖြစ်ရင်တီးရအောင်..." လုပ်တော့ ကိုဗညားခမျာ မျက်နှာငယ်လေးနဲ့... စောင့်ပါဦးပေါ့။ ဒီမှာတင် "ဟေ့ ဘဲ... ကိုယ့်ကိုစားနေကြတာ ကြာပြီ၊ ဒီနေ့တော့ ကိုယ်ပြန်စားရတော့ မယ်ကွ"ဆိုပြီး 'အင်းလျားလိတ်' ရှုဘီဟောထဲ တစ်ယောက်တည်း ဝင်သွား ပြီး Bass ဂီတာကြီးဖွင့်လို့.. Solo တွေ တီးခဲ့ပါရောဗျာ။ စန္ဒရားကြီးရှေ့မှာ တီးခဲ့တာ။ ပါပါးခင်များ ... မျက်ရည်တွေလည်လို့။ မျက်နှာပျက်ရပြန်ပြီ ကိုး။ ဒါနဲ့ပဲ... Aces ဝိုင်းတော်သားတွေလည်း ရုပ်မပျက်ရအောင် လိုက်တီး ပေးကြရတာပေါ့။ ကိုဇစ်က Mood အပြည့်နဲ့ ပြုံးလို့။

ပါပါးက တဖျစ်တောက်တောက်၊ တလန်တည်း လန်ကြောက်လို့။ ကျွန်တော့်ကို ငိုရင်းဆဲလို့။ မင်္ဂလာဆောင်က တရုတ်မင်္ဂလာဆောင်ပါ။ ဒီတော့ အခမ်းအနားမှူး 'မြရတနာမိုး' က ... တရုတ်နဲ့တစ်လှည့်၊ မြန်မာလို တစ်လှည့် ရွတ်ပေးနေချိန်မှာ တရုတ်လိုတစ်ပိုဒ်ပြောပြီးတိုင်း ကိုဇစ်ရဲ့ ဘာ သာပြန်ချက်ကြီးက ထွက်ထွက်လာခဲ့ပါရော။ "သောက်ပေါ်တွေ... Aces က ကောင်တွေငပေါတွေ၊ မင်းတို့လည်း အတူတူပဲ"၊ နောက်ထပ် တရုတ်လို တစ်ပိုဒ်ပြော ... ကိုဇစ်က..."Aces က ဘာတွေတီးမှန်း၊ မင်းတို့လည်းမသိ၊ မင်းတို့ ဘာတွေဆိုတာလည်း Aces က မသိ၊ အချိန်တွေပေါ်နေလို့လား" နောက်တစ်ပိုဒ် တရုတ်လိုပြောပြီး ... ကိုဇစ်က ,...'သောက်ပေါ်တွေ၊ စား သောက်ပြီးရင် ပြန်ကြတော့၊ ဖွန်းတွေလည်း ကစ်မသွားနဲ့ဦး"လို့လည်း

mgyoe.com

mgyoe.com


အဆုံးသတ်ရော ... အကုန်လုံးတော့ မကြားရပေမယ့် ရှေ့ဆုံးဝိုင်းတွေက ကြားရတော့... ပါးပါး (ဦးစိုးအောင်)မှ မငိုရင် ဘယ်သူငိုရမှာတုန်းဗျာ။ အရေးထဲ... "ဟေ့ ဘဲ မုန့်တွေကစ်ထားလိုက်၊ တို့မြည်းလို့ ကောင်းတယ်"တဲ့။

ကျွန်တော်က နောက်တစ်ခါကျတော့... ကိုဗစ်ကို မတိုက်တော့ဘူး။ ပါပါး ဆဲလိမ့်မယ်လို့ ချော့ပြောတော့... "ဒီဘဲက မမိုက်ပါဘူးကွာ။ သူမူးပြီး တစ်ညမှ ရှုးရှုးထပေါက်တာ... သူ့ အဝတ်ဗီရိုကို အိမ်သာမှတ်ပြီး ဆွဲလိုက်တာ။ အောက်ထပ်အထိကျပြီး ကွိုင်တက်ကြတာတော့ မင်းကို မပြောပြဘူး မဟုတ်လား..."လို့ သူပါပါးကို ပိုင်ကြောင်း ရှင်းပြခဲ့ဖူးပါတယ်။

တစ်ရက်... Strand မှာ တီးဖို့ မင်္ဂလာဆောင်က 9 to 11၊ အချိန်က နည်းနည်းစောနေသေးတယ်။ Strand မှာ ကိုဗစ်ရယ်၊ ကိုတင်ဦး (စန္ဒရား တင်ဦးသောင်း) ရယ်၊ ကျွန်တော်ရယ် ၂ ပက်စီ On the Rock ဆွဲဖြစ်ခဲ့ပါ တယ်။ တော်ပြီ၊ ရပြီ၊ အဲဒါမရဘူး။ ကိုဗစ်က... 'ဟေ့ ဘဲ... ဒီဘက်ကမ်းမှာ ချည်းဆွဲရတာ များပြီ၊ ပျင်းပြီ၊ ဟိုဘက်ကမ်းသွားဆွဲရအောင်" လုပ်တော့ ကျွန်တော် မနည်းချော့ခဲ့ရတယ်။ ကူးတို့တစ်ခေါက်နဲ့ ဘယ်လိုမှ ပြန်မ ရောက်နိုင်ဘူးပဲ။ ဒီအချိန်မှာပဲ ကိုဗစ်ရဲ့ ခဝဲခြံဘော်ဒါတစ်သိုက် ဆိုက်ဆိုက် မြိုက်မြိုက်ကြီး Strand ကို ရောက်လာပါရော။ နေတောင်မထွက်သေးဘူး။ ဂိုက်က ရောင်မျက်မှန်...၊ ၂၈ ကျပ်တန်(ရောင်ကလုံး) တပ်လို့၊ အောက်ခံ အင်္ကျီမရှိ၊ အပေါ်က 'လေဘေးကုတ်'နဲ့ တစ်ယောက်က မြန်မာ့လက်ဖွေ့ ထိုးရင် ဝတ်ရတဲ့ ဘောင်းဘီနဲ့... ပါပါးခမျာ မလှုပ်ဝံ့တော့ဘူးပဲ။ ကိုဗစ် မျက်နှာနဲ့ ဒီဘဲတွေလည်း မင်္ဂလာခန်းမထဲရောက်လာပါရော။ အေးဆေးပဲ။ ဒီမှာတင် ဆရာမကြီး (ဒေါ်နွဲ့ယဉ်ဝင်း) လည်း ဆိုရော... Country Road Take me home လည်းဆိုရော ဒီဘဲတွေက ထကကြ၊ Hormony လိုက် ကြနဲ့ ရှုပ်ယှက်ကို ခတ်ကုန်ရော။ ကိုဗစ်ကတော့ ပြုံးလို့။ ပါပါးကတော့ ငိုရပြန်ပြီ။

ဒီလိုတွေ ငိုရတဲ့အခါ ပါပါးဟာ တစ်နေ့တော့... အဲဒီတစ်နေ့ဆိုတာ 'မေဆွိ'အမေရိကန်က ပထမဆုံးပြန်ရောက်တဲ့ကာလ IBC မှာ Emparor နဲ့ Live Show ရိုက်တဲ့နေ့ပါ။ အဲဒီနေ့ မနက်ပိုင်းမှာပဲ သူနဲ့ဇနီးသည်တို့ ကားတိုက်မှု (သူတို့ကားကို တစ်ဘက်က အသားလွတ်တိုက်တာပါ)ဖြစ်ပြီး

mgyoe.com

mgyoe.com


ပါပါးက ပွဲချင်းပြီး၊ သူ့ဇနီးက ဆေးရုံရောက်မှာ ၃ ရက်ခံပြီးမှ ကွယ်လွန်ခဲ့ရရှာပါတယ်။ ပါပါးကို (တော်မီစိုးအောင်) လူတွေ သိပ်သိမယ်မထင်ဘူး။ ဒီလောကသားချင်းပဲ ချစ်၊ ကြောက်၊ရိုသေကြတာပါ။ ထူးအိမ်သင်ကန်တော်လေး အမှတ် ၂၇၊ ၈၉ လမ်းမှာနေတုန်းက 'တင်နာဆိုက်ဆိုဖုန်း' ကြီး တစ်လက်ရှိခဲ့ဖူးတယ်။ အဲဒါ ပါပါးဆီက ငှားလာတာပါ။ လေ့ကျင့်ဖို့ ဆိုပြီး ကိုသျှပ် တစ်မနက် ထတွယ်လိုက်တာ ဆေးခန်းက နာတာရှည် ကုလားအဘိုးကြီး လစ်သွားရောဗျာ။ သူ့ဘာသာသူ 'လစ်' ချိန်တန်လို့လည်း ဖြစ်မှာပါ။

ပါပါးကို ကျွန်တော်က အနုပညာရှင်ကြီးတစ်ယောက်အနေနဲ့ အထူးသတိရခဲ့ပါတယ်။ ဘယ်တော့မှလည်း ပါပါး ငိုရတော့မှာ မဟုတ်တော့လို့ပါ။ စာဖတ်ပရိသတ်များလည်း ပါပါးကို သတိရပေးပါ။ 'So Fi Fa Mi ' ဝေးသွားတဲ့အခါ ' အဲဒီသီချင်းရဲ့ Solo ဟာ ပါးပါးရဲ့ Master Piece ဖြစ်လို့ပါပဲ။

ပါပါးရေ ... ကိုဗစ်နဲ့ ကျွန်တော်လည်း ဝေးသွားခဲ့တာကြာပြီ။ အရက်လည်း သောက်တယ်မကြားဘူး။ ကျွန်တော်လည်း ဝင္ငလည်ရအောင် တီးဝိုင်းမန်နေဂျာ လုပ်ဖူးသွားတယ်။ ပါပါးကို တစ်ခါတည်း ကိုယ်ချင်းစာမိသွားပါရော။

ပါပါးရေ ... ငှက်ကြီးနဲ့တွေ့ရင် Rock 'N' Roll Solo လေး ဒီဘဲအလစ်မှာ ဆွဲလိုက်ဦးနော်...

ကျွန်တော်ရောက်လာမှ ဝအောင် ဆဲပေတော့...။

ဘယ်တော့မှ မဝေးသွားပါဘူး။

❒

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

ထူးအိမ်သင်

# အင်းလျားလိတ် သိပ်မိုက်လွန်းတယ်
# သျှပ်နဲ့ကြက်မြီးတွေ အကုန်သောက်မယ်

အပိုင်း (၁)

ဝေဝေရေ × × × သချ်ာဖြေတာ မှားယွင်းသွားခဲ့ပြီ အိမ်ရာထူထောင်ခဲ့လည်း × × × အိုး . . . ဘာမှ မပြည့်စုံဘူး ဒီအချိန်မှာ မင်္ဂလာဆောင်တဲ့ပွဲလေး မကျင်းပဘဲနဲ့ ပျော်တယ် ဟိုတယ်အင်းလျားလိတ်က သိတယ်
(တေးရေး သုခမိန်လှိုင်)

ကိုသျှပ်ရေ . . .

Disco Queen နော်လီဇာရဲ့ 'နှလုံးသား မက္ကဆီကို' စီးရီးထဲမှာ ညှပ်ပါလာခဲ့တဲ့ ကိုညီ (ကိုင်ဇာ)ရဲ့ သီချင်း၊ ဦးလှိုင် (လက်နှိပ်စာတ်မီးနဲ့ ထိုးရေးခဲ့တဲ့ သီချင်းလား မသိပါဘူးဗျာ) ဟုတ်တယ်၊ အခု ဦးလှိုင် (သုခမိန်လှိုင်) က ကဗျာကို လက်နှိပ်စာတ်မီးနဲ့ ထိုးရေးနေပြီဆိုပဲဗျာ။ သုခမိန်လှိုင် နိမိတ်ဖတ်ခဲ့တဲ့ 'ဟိုတယ် အင်းလျားလိတ်' . . .၊ လူကုံထံတို့မင်္ဂလာပွဲကျင်းပတဲ့ 'Ruby Hall'၊ အေးဗျာ... ကျုပ်တို့ လူမွဲကျောမွဲ တောသားတွေနဲ့ ဘာဆိုင်တာမှတ်လို့။ ဆိုရှယ်လစ်ခေတ်မှာ ဆိုဗီယက်က ပေးခဲ့တဲ့ ဟိုတယ်

mgyoe.com

mgyoe.com


ကြီးတဲ့။ မြန်မာပြည်မှာ အကြီးဆုံး၊ အခမ်းနားဆုံးပေါ့လေ။ ခင်ဗျားရဲ့ သူကောင်းပြုမှုနဲ့ ကျွန်တော် ရောက်ဖူးခဲ့ရပါတယ်။ ဒီကာလက ၁၉၈၇၊ ခင်ဗျားက 'ပန်းနုလဝန်း' ကို ဇာရပ်လုပ်နေတဲ့ကာလ။ တစ်ရက်ကတော့ ဘာစိတ်ကူးပေါက်တယ် မသိဘူး 'ဟေ့ကရင် . . . တို့အင်းလျားလိတ်မှာ သွားချမယ်ကွာ။ ကောက်တေး Cocktail တွေ၊ Sour တွေ၊ ဝီစကီတွေ မသောက်ဘူးတာ မရှိရအောင်ပေါ့ကွာ' ဆိုတော့ ကျုပ်က အလိုက်ချည်းပဲ ပေါ့ဗျာ။ အင်း ... ခုတော့ ခင်ဗျားက ကိုသျှပ် မဟုတ်တော့ဘူး။ ထူးအိမ်သင်... ကိုငှက်ဆိုပြီး ဂီတမှော်ဆရာကြီး ဖြစ်နေပြီကိုး။ တင့်တယ်နေပြီကိုး။ မှတ်မိပါသေးဗျာ သွားတာက မင်းသားကြီးရဲ့ Datsun 120Y အပြာရောင်ကြီးနဲ့၊ Cocktail ကြိုက်တာ၊ Sour ကြိုက်တာမှာတော့ ခင်ဗျားက ချန်ပီယံပဲလေ။ သိပ်စပ်စပ်စုစု လုပ်တတ်သူပဲ။ ဆိုရှယ်လစ်ခေတ်ထဲ ခင်ဗျားက Rum Sour ကြိုက်နေပါပကော။ ဒါပေါ့ ခင်ဗျားအတွက်တော့ ဘယ်ခက်ပါ့မလဲ။ ပုသိမ်ကောလိပ်နားက ဆာဗားနားရဲ့ တောအရက်လည်း ပဲလှော်နဲ့ မြည်းခဲ့သလို Army Rum နဲ့ ဝက်ခြေထောက်လည်း ဖြစ်ခဲ့သူမဟုတ်လား။ ဘုရားကို စူးရစေ့ဗျာ။ 'ချောင်းဆိုးဆေး' တွေအကြောင်း ကျွန်တော် တော်တော်သိပါတယ်ဗျာ။ ကျွန်တော်တို့က အဆုတ်မကောင်းဘူး။ သိပ်အအေးပတ်တတ်တာကလား။ ချောင်းကလိုက်လာရောလေ။ မှတ်မိတယ်မဟုတ်လား ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ သာထူးရယ်၊ အောင်အောင်ရယ်၊ ရေချမ်းရယ်... ပုသိမ်ကောလိပ်ကျောင်းဆေးခန်းမှာသွားပြီး ချောင်းတွေဆိုးပြလို့ ပူစပ်ရှိန်းရှိန်း ချောင်းဆိုးဆေးကြီး စပ်ပေးလိုက်တာကိုလေ။ ကိုဘွဲ့မှူးရေးတာတော့ သိပ်ပိုင်တာပဲ ကိုသျှပ်ရာ . . . Phensedyl ဆိုတာလေ။ ကွာတယ်နော်။ ဒါနဲ့ စကားမစပ် ဟိုတုန်းက IC ပွဲတွေရဲ့အဖွင့်မှာ ထွန်းထွန်းနဲ့ ကောင်းဆက်တို့က 'စမ်းမောင်' လုပ်ရတယ်။ ပြီးရင် 'မိတ်ဆက်' တယ်ဆိုပြီး ကိုဘွဲ့မှူးဆိုပြီ . . .။ ကိုယ့်အသည်းကို မြန်မြန်ခွဲပါ × × × မေ့ဆေးမပေးနဲ့ × × × ခွဲခန်းကို မြန်မြန်ပို့ပါ × × × ဆိုပြီး ပူဆာပြီးရင် ... Phebsedyl သောက်ရော။ သီချင်းဆိုတာကို ပြောတာပါဗျာ။ ဟော့ကောင်ကရင်... မင်းဟာက အင်းလျားလိတ်ကနေ ဘယ့်နှယ့် . . ကျောက်ဆည်က ဆင်ကြီး (ကိုဘွဲ့မှူးကို ကာလတစ်ခုက ကိုတွတ်ကီတို့ ခေါ်တာ၊ တစ်ခါ

mgyoe.com

mgyoe.com


တစ်ခါလည်း ... မိခင်ကလေးစောင့်ရှောက်ရေးမှူးတဲ့ဗျာ၊ ဒီအကြောင်းကတော့ မပြောပြတော့ဘူး) အကြောင်းရောက်ရတာလည်းကွာ ... ဆိုပြီး မဆဲပါတော့နဲ့။

ကိုင်း ... ခင်ဗျား သူကောင်းပြုတဲ့ 'ဝိစကီ'၊ Cocktail Sour အကုန်သောက်မယ်။ ချောင်းမဆိုးရင် ပြီးရောဆိုပြီး ကျွန်တော်လည်း ထ လိုက်လာမိခဲ့တယ်ပေါ့လေ။ ကိုသျှပ်ရေ . . . Cocktail ကို 'ကြက်မြီး'၊ Sour ကို 'ချဉ်ဖတ်' လို့များ စာတော်ပြန်ရရင် ခင်ဗျားတော့ ပယ်ပယ်နယ်နယ် ဆဲရေးဦးတော့မှာပဲ။ ဆဲသာဆဲဗျာ . . .။ ကျွန်တော်က အလုပ်ကို ထားခဲ့ပြီး လိုက်ခဲ့ရတာ။ ခင်ဗျားက 'ပန်းနုလဝန်းတေးသံသွင်း' မှာ 'ကျ' နေတဲ့ ကာလ။ ကျွန်တော်က ဆရာနန္ဒသိန်းဇံရဲ့ 'လှိုင်းသစ်စာပေ' မှာ စာအုပ်ဖြန့်ချိရေးသမား လုပ်နေတဲ့ကာလပေါ့ဗျာ။ ခုလည်း ကျွန်တော် စာအုပ်ဖြန့်ပြီးလို့ ခင်ဗျားရှိတဲ့ 'ပန်းနုလဝန်း' ကို ဝင်ခဲ့တာနဲ့ သူကောင်းပြုခံရတာပါ။ ကျွန်တော့်အကြောင်း နည်းနည်းပြောမှာပါဗျာ။ မင်းအကြောင်းချည်းပဲ မဖြစ်စေရပါဘူး။ စာအုပ်ဖြန့်တယ်ဆိုတာ အဲဒီတုန်းက 'လေးဘီး' လေးနဲ့ ဖြန့်တာရှိသလို 'မြွေရေခွံအိပ်' ထဲ စာအုပ်မျိုးစုံထည့်ပြီး ဆိုင်အနှံ့လိုက် ဖြန့်ရတယ်။ ဖောက်ချာရှင်းရတယ်ဆိုပါတော့။ 'ဂိုက်ပေးကြမ်း' လို့မရဘူး။ ဟုတ်ပ ... ကျုပ်ကိုက 'ဆင်းရဲဇာတာ' ပါတာနေမှာ။ အန်တီမာ (ဆရာကတော့ ဒေါ်ခင်မာမာ) က လေးဘီးဖိုး၊ လိုင်းကားဖိုး T.A.D.A အကုန်ပေးပါတယ်။ ကျွန်တော်က ဒါကို ညနေ ၄၂ လမ်းမှာ (၄၂ လမ်း အရက်ဆိုင်တန်းနဲ့ တစ်ခါတလေ . . . သျှောင်ကြီးဖွေ ကိုတင်ဦးရဲ့ ပုစွန်တောင် သေတင်းကုပ်အတွက် . . .) 'ဥ' ရတာကိုး။ စုတ်စုတ်ပြတ်ပြတ်နဲ့ အလုပ်လုပ်ရတာ၊ ဂိုက်ကျတယ်ဗျ။ ခင်ဗျားပဲကြည့်ဗျာ... ဒီတုန်းကခေတ်စားတဲ့ Three Riflesတို့၊ Rhombusတို့ ဝတ်ပြီး စာအုပ်လိုက်ပို့နေရင်း . . ဘယ်ကလာ ဂိုက်ကျမှာတုံး။ သူ့နေရာ၊ သူ့အထာ၊ သူ့ဟန်သူ ... ဝတ်ရစားရတာ ကျုပ် ဘယ်မသိဘဲနေပါ့မလဲ။ Casual Dress ၊ Suit အပြည့်၊ မြန်မာဝတ်စုံ အပြည့်... ဒါတွေကို နားလည်တာပေါ့ဗျာ။ ခုဟာက အလုပ်လုပ်နေချိန်လေဗျာ။ Jean Waist Coat အပြတ်နဲ့ပေါ့။ ပုဆိုးစုတ်နဲ့ပေါ့။ လုံရင်ပြီးတာပဲဗျာ။ အရေးကြီးတာက အလုပ်ပြီးဖို့ပဲ ကိုသျှပ်ရဲ့။ ခင်ဗျားကလည်း

mgyoe.com

mgyoe.com


ဘာဂိုက်မှမပေးပါဘူး။ ရိုးရိုးအင်္ကျီ။ ဂျင်းဘောင်းဘီနဲ့ပါပဲ။ ခင်ဗျားလည်း နောက်မှ ထူးအိမ်သင်ရယ်လို့ ဇရာမကြီးဖြစ်လာမှ၊ ကိုဇော်သစ် (နှင်းဆီလှိုင်း) စောင့်ရှောက်လို့၊ ကျားကြီး (ကိုမြင့်အောင်၊ နွတ်ခမ်းမွေး) ဆင်မှ ဝတ်တတ်လာတာ ကျုပ်က ခင်ဗျားနဲ့ အတူနေတာပဲ သိတာပေါ့။ ခင်ဗျားမှာ အဲဒီအသုံးအဆောင်၊ အဝတ်အစားအပေါ်၊ ပစ္စည်း နဲ့ ပတ်သက်တဲ့ 'ယင်း' မရှိတာ ကျုပ်အာမခံပါတယ်။ ဒါပေမဲ့ တစ်ခါတလေတော့ Artist ဆိုတာ သူများထက် ထူးရမယ်ဆိုတဲ့ 'စိတ်' လေးတော့ ခပ်ပါးပါးလေး ပါတတ်တာ လည်း ခင်ဗျားမငြင်းပါနဲ့ဗျာ။ Levi's 501 အစစ်၊ ကျောပိုးအိတ်အဆန်း၊ အင်္ကျီဒီဇိုင်းက ဗတ်စကိုဒဂါးမား ကမ္ဘာပတ်ခဲ့တဲ့ မြေပုံနဲ့ ချည်အင်္ကျီ၊ ဒါမျိုး တွေတော့ နှစ်သက်တတ်တာပေါ့လေ။ ကောင်းပါလေ့ဗျာ။ ခင်ဗျားတို့ Artist တွေနဲ့တော့ ကွက်တိပ။ ကျုပ်လို စာအုပ်ထမ်း ဖြန့်ရတဲ့ 'ဟော်ကာ' နဲ့ 'ဗတ်စကိုဒဂါးမား မြေပုံအင်္ကျီ'နဲ့ တွေ့လို့ကတော့ ခင်ဗျားနှယ် ... ရှင်းရမယ့် 'Voucher' တစ်ပြားမှမရဘဲ ကိုယ့်လူ ... တယ် ... ပြည်တော် သာနေပါလား၊ မနက်ဖြန်မှလာခဲ့လေဗျာ။ လက်ဖက်ရည်သောက်သွားလို့ လုပ် ပေတော့မပေါ့။ ထားဗျာ . . . ကျုပ်က ဂျင်းဝစ္စကုတ်နဲ့၊ ခင်ဗျားက ဂျင်းဘောင်းဘီ၊ ရှပ်အင်္ကျီနဲ့ ၁၉၈၇ ခုနှစ်။ အင်းလျားလိတ်ကို 120Y နဲ့ ရောက်ရောဗျာ။ ဆိုရှယ်လစ်ခေတ်နှောင်း ပိုင်းကာလ Armoured Car တွေ ခုမှ တွေ့ဖူးရတဲ့ကာလ၊ ကျုပ်တို့ ပုသိမ်မှာ ရှိမှ မရှိတာဘဲဗျာ။ ဒါနဲ့ အင်းလျားလိတ်ကို ရောက်ရော။ ဒီတုန်းက အနီအောက်ရောင်ခြည် (Infra Red Ray) နဲ့ သူ့အလိုလို ဦးကျိုးပြီး ပွင့်ပွင့်လာတတ်တဲ့ တံခါးတွေ မရှိသေးဘူးနော်။ ဒီတော့ ဝတ်စုံနဲ့ ကျကျနန ဦးညွတ်လို့၊ လူကလေး တစ်ယောက်က တံခါးဖွင့်ပေးခဲ့ပါတယ်။ 'Good Morning ကိုငှက်' တဲ့။ တော်သေးတာပေါ့ဗျာ။ His Excellency တွေ ဘာတွေမလုပ်ပေလို့ဘဲ ... ကျုပ်ဖြင့် ဘဝင်ပဲမြင့်ရတော့မလို။ အင်းလျားလိတ်ရဲ့ တာရာဇိုကျောက်ပြား တွေပေါ် ... ၃၂ လမ်းက မြောင်းပုပ် ရွှံ့တွေပေလာတဲ့ ဂျပန်ဖိနပ်နဲ့ နင်းရမှာ စိတ်ထဲမဝံ့မရဲ၊ မသက်မသာဖြစ်လိုက်ရတာနဲ့ လိပ်ပြာလွင့်မတတ်ဘဲဗျာ။ တကယ်ပါ။ ဒါ ကျုပ်တို့ 'ရှာ' မဟုတ်ပါဘူး။ 'မတင်မြ' ရဲ့ ပုစွန်တောင် တင်းကုပ်ကမှ နိပ်တာ။ B.E နဲ့ Crusher ပြီးတာပ။ ခင်ဗျားက ကုပ်ကာ

mgyoe.com

mgyoe.com

ကုပ်ကဆွဲပြီး နတ်ပြည်တင်လည်း ဘုန်းကံအရှိန်ရှိမှ ရောက်နိုင်တာပါဗျာ။

ကျုပ်က . . . ကိုယ့်အရပ် ကိုယ် မမေ့တတ်ပါဘူး။ ကိုယ်နဲ့မအပ်စပ်တာ မဆိုင်တာကိုမလုပ်ဘူး။ မသွားဘူး။ ကိုယ့်ဟာကိုယ်နေရင်း အလကားလူကြည့်ခံရတာ၊ အပြောခံရတာကို အလိုမရှိပါဘူး။ 'မျက်လုံးဆိုတာကိုယ့်အတွက် ဘာတွေမလိုအပ်သလဲဆိုတာကိုသာ ရှာဖို့ပဲ' ဆိုတဲ့ မူနဲ့နေတဲ့ကောင်ဗျာ။ ဘာ Shopping Mall ကုန်တိုက်၊ စတိုးဆိုင်မှ မသွားဘူး။ အလကားဗျာ... ကိုယ့်ကို မဝယ်နိုင်ဘဲ အလစ်သုတ်မယ့်ကောင်လို့ အကြည့်ခံရတာမျိုး မလိုချင်ဘူး ကိုသျှပ်ရာ။ ဒီတော့ ကိုယ်နဲ့မဆိုင်တာ မလုပ်တာကောင်းတယ်လေဗျာ။ ခုလည်း ခင်ဗျားသူကောင်းပြုလို့ ခြောက်တန်နတ်ရွာဘုံသို့လာခဲ့ရတာပါ ဘိုးတော်။

'ကိုထူးအိမ်သင် . . . ဝင်ပါ . . . ဟိုအစ်ကိုကြီးနေခဲ့ပါ' တဲ့။ ဒီမှာတင် ကိုသျှပ်က "ဒါ ကျွန်တော့် သူငယ်ချင်း ဘာဖြစ်လို့လဲ" ဆိုပြီး မကျေမနပ်နဲ့ ပြန်မေးတော့မှ "ဒီလို နိုင်ငံတော်အဆင့် ဟိုတယ်ကြီးတွေထဲ ... ဒီလို Jean အင်္ကျီမျိုးနဲ့ ဝင်ခွင့်မရှိပါဘူး" လို့ ယဉ်ယဉ်ကျေးကျေးပဲ ပြန်ပြောတော့တယ်။ ခံပေါ့။ ကျွန်တော်ဖြင့် တစ်သက်စာ မှတ်သွားတော့တာပဲဗျာ။ ဒါနဲ့ ခင်ဗျားနဲ့ကျွန်တော် ပြန်ခဲ့ရတာနော်။ ခင်ဗျားကလည်း... အေးကွာ ... မင်းကလည်း ဒီလို ဝတ်လာတာကိုး၊ တို့ ၁၉ လမ်းကာ ဆာတေးပဲ သွားတာပေါ့" ပြောရင်း တပ်ဆုတ်ခဲ့ရပါရောလား ကိုသျှပ်ရယ်။ ၁၄ မျဉ်းစောင်းတွေ ဖြစ်မှဖြစ်ရပါလေတယ်။ ၁၉၈၇ ခုနှစ်မှာ ဝေဝေက သချ်ာတွက်တာမှားတာ၊ ခင်ဗျားနဲ့ကျွန်တော်က စည်းမျဉ်း၊ စည်းကမ်းချိုးဖောက်တာ...၊ သိမှမသိဘဲကိုးနော။ နောက်တော့ အင်းလျားလိတ်ရဲ့ Bar ကို ခင်ဗျားဘာကြောင့် စွဲရတာလဲ၊ Chamber Music နဲ့ Sour ဘယ်လို လိုက်ဖက်တာလဲ၊ Aerom- atic Bitter ဆိုတာ ခင်ဗျားရဲ့အသည်းစွဲ ဓာတုပစ္စည်း ဘာကြောင့် ဖြစ်ရတာလဲ၊ ၁၄ မျဉ်းစောင်း (၃) ယောက်နဲ့ Ruby Hall အဝင်က 'ဖထီးအပိုလို' ရဲ့ စန္ဒရားအကြောင်း ရေးရဦးမှာပေါ့လေ။ ကျွန်တော် အယောင်ဆောင် လူကုံထံဖြစ်ခဲ့ရတုန်း ခင်ဗျားရဲ့စရိုက်ကို ပြောရသေးတာပေါ့။

ကိုသျှပ်ရာ . . . ခင်ဗျားက 'လူ' ဖြစ်လိုက်၊ 'နတ်' ဖြစ်လိုက်နဲ့ဗျာ။
mgyoe.com

mgyoe.com


ကျုပ်ဖြင့် ကိုမြင့်မိုး (တေးရေး ကိုမြင့်မိုးအောင်) သာ ခွင့်ပြုခဲ့ရင် ခင်ဗျားနဲ့ ကျွန်တော် 'နတ်' ပြည်ရောက်ပုံတွေလည်း ရေးချင်ပါသေးရဲ့။ ကျွန်တော် ဘယ်တော့မှ မမေ့တာတစ်ခုရှိသေးတယ်။ အဲဒါက ၁၉၈၉–၉၀ နှစ်လောက် ရောက်ပြီ။ ခင်ဗျားနဲ့ ကိုနောင်ကြီး (ကဗျာဆရာအောင်ဝေး) 'ကောင်းကင်' အကြောင်း ငြင်းကြ၊ ခုံကြရင်း နောက်ဆုံး သဘောတူခဲ့ကြတာ တစ်ခုကို ပေါ့။ ကိုနောင်ကြီးက "ဟေ့ကောင် ... သျှပ် ... မင်းရော၊ ငါ့မှာပါ မျက်မှန်ရှိတယ်၊ ဘုရားသခင်မှာ မျက်မှန် မရှိဘူးကွ" လို့ ပြောတော့မှ နှစ်ဦး သားသဘောတူညီချက်ရပြီး 'ဦးကျင်သိန်း' ရဲ့ 'အော်စွမ်းလေ' အမည်ရှိပြီး ပုသိမ်မှာသာရတဲ့ လက်ဖက်ရည် အေးအေးကို ကျိုက်ချခဲ့တာ ကျွန်တော် မမေ့သေးဘူးဗျာ။ အေးပေါ့... ခင်ဗျားတို့က မျက်စိအကြည်ဓာတ်ကို ပို ချွေတာရပေမပေါ့။ မျက်မှန်အထူကြီးတွေနဲ့ကိုး။ ကျွန်တော်ကတော့ ကိုယ့် အတွက် ဘာမလိုအပ်သလဲဆိုတာ ရှာဖို့ပဲဗျာ။ နောက်တစ်ပုဒ်ဆိုရင်တော့ ကိုသျှပ်နဲ့ကျွန်တော် Angostua ရှာပုံတော်ကို ရေးဦးမှာပဲ။ ဒါကတော့ လိုအပ်တယ်လေ။ ဂွဒ်ဘိုင် ... ကိုသျှပ်။

□

mgyoe.com

mgyoe.com

# ထူးအိမ်သင်အတွက် စိတ်အနှံ့ပျောက်ဆေးအလိုရှိသည်

'မြန်မာ့ဆိုရှယ်လစ်လူ့ဘောင်'က 'ကုန်ထုတ်စွမ်းအားစု'တွေအနား ယူ အပန်းဖြေနိုင်ဖို့ ဆိုဗီယက်ပြည်ထောင်စုက ဒီဇိုင်းဆွဲ ဆောက်လုပ်ပေး ခဲ့တဲ့ 'အင်းယားလိတ်'ဟိုတယ်ကြီးမှာ ပုသိမ်သား (၃) ယောက်၊ ဒီတုန်း ကတော့ ၁၄ မျဉ်းစောင်း မပေါက်သေးဘူး။ BSN/W ၃ ယောက် ပုသိမ်က ဖိနပ်တန်း ဘားမှာ B.E.C.Dနဲ့ 'ပါစွန်'ဆွဲသလို ကဲခဲ့၊ ရမ်းကားခဲ့၊ နိုင်ငံခြား သား ယမကာညည့်သည်တွေကို များစွာ စိတ်အနှောင့်အယှက်ပြုခဲ့ကြဖူးပါ တယ် ။ လူကုံထံတွေကြား လမ်းသလားချင်တဲ့ စိတ်ချုပ်တည်းခဲ့ရသမျှ မဆီမဆိုင်ချော်တောငေါ့ချင်တဲ့ 'စိတ်'တွေနဲ့ 'ဖြေဆည်ရာ'ရှာခဲ့ကြဖူးတယ် ဆိုရင် ယုံလောက်စရာ မရှိပါဘူး စာဖတ်သူများခင်ဗျာ။ ဒီလူတွေဟာ တကယ်ရှိခဲ့၊ လုပ်ဖူးခဲ့ကြတာပါ။ သူတို့ (၃) ယောက်စလုံးဟာ 'ဂျိုးဖြူ' နဲ့ 'ကျော်လင်း' တိုက်က ထုတ်ဝေခဲ့တဲ့ စာအုပ်ပါးလေးတွေကို နှစ်ခြိုက် ခဲ့သူများဖြစ်ပြီး P.S ဘာသာရပ်မှာ အလွန် စိတ်ဝင်စားကြသူများပဲ ဖြစ်ပါ တယ်။ 'ဝေဖန်ရေး' နှင့် 'မိမိ ကိုယ်ကို ဝေဖန်ရေး' အတွက် ဆိုရှယ်လစ် ခေတ်နှောင်းပိုင်းရဲ့ မသင်မနေရ ဘာသာရပ်ကို ထဲထဲဝင်ဝင် ချဉ်းကပ်ဖူးကြ သူများလည်း ဖြစ်ပါတယ်။ ခုတော့ စိတ်အချဉ်ပေါက်တဲ့အနံ့တွေ ထွက်နေ ကြလို့။

mgyoe.com

mgyoe.com


ဒီလူ (၃) ယောက်ရဲ့ မိဘတွေဟာ 'ပုသိမ်' တောမြို့လေးက ဝန်ထမ်းဖြစ်ခဲ့ပါတယ်။ ပြန်တမ်းဝင်အရာရှိတစ်ယောက်မှ မပါခဲ့ကြဘူး။ သူတို့အိတ်ထဲမှာ အမြဲပါတာက ဆရာမောင်သာနိုးရဲ့'ထင်းရှူးပင်ရိပ်' နဲ့ ကျောင်းကားခ အကြွေတစ်မတ်။ သိပ်အဆင်ပြေမှာပါမှ ငွေတစ်ကျပ်။ သူတို့ပုသိမ်ကန်သုံးဆင့်ဘေးက လယ်တောထိပ်က နယ်ကောလိပ်ရဲ့ Canteen 'မိုးပြာ' ဆိုတဲ့ဆိုင်မှာ နွားနို့နဲ့ဆား တစ်ခွက်မှာမယ်။ ဒီကာလက 'ပီလောပီနံ' ကနေ 'အချိုမှုန့်' ထုတ်နိုင်အောင် တီထွင်ခဲ့လို့ Ph.D ပါရဂူဘွဲ့ ဆွတ်ခူးခဲ့တဲ့ နိုင်ငံခြားပါရဂူ ဆရာကြီး၊ လူပျိုကြီးတစ်ယောက်နဲ့ထိုင်မယ်။ ဆရာကြီးက ဝေါက်မယ်။ ဆရာကြီးရဲ့ တိုင်းရင်းသား သံဝဲဝဲ၊ ကျွဲကော်ကိုင်း မျက်မှန်ထူထူကြီးနောက်က ရီဝေဝေမျက်လုံးတွေကို ဖတ်ကြမယ်။ ဒါပဲ သူတို့ရဲ့ နိစ္စဓူဝဘာဝ။ ခေတ်ကို ပြင်ချင်ကြတယ်။ မရခဲ့ပါဘူး။ အငုံ့စိတ်ထဲ မာဇဒါ ၁၃၀၀ ဆီဒင်ကားတွေ တစ်စင်းပြီးတစ်စင်း မောင်းသွင်းခဲ့ကြလေတယ်။ နေနှင့်ဦးတော့ ကန်သုံးဆင့်ရေ . . .။

ဒီလိုနဲ့ ပုသိမ်–ရန်ကုန် ၂ ထပ် သင်္ဘောတွေဟာ ဒီတောသား ၃ ယောက်ကို အင်းယားကန်စပ်အထိ ဆိုက်ကပ်ပေးခဲ့လေတယ်။ ကန်သုံးဆင့်ကနေ အင်းယားထိရောက်ခဲ့ပြီ။ မာဇဒါဆီဒင် ၁၃၀၀ နဲ့တော့ မဟုတ်ဘူး။ Datsum 120Y အစုတ်ကြီးတစ်စင်းနဲ့ ... လူကုံထံအချိုးချိုးမယ်ရယ်လို့။ သူတို့ရင်ထဲက 'ဂျိုးဖြူ' တွေလည်း မသန့်ရှင်းတော့တဲ့ 'ကွန်း' မှာ မနေလိုတော့ဘူးထင်ပ။ လန့်ဖျပ်ပြီးပဲ ပျံလေရော့သလား မသိ။ သေချာတာကတော့ 'အင်းယားလိတ်ဟိုတယ်' ဆိုတာ သူတို့နဲ့ဆိုင်ကို ဆိုင်တယ်ဆိုတဲ့ 'အမှန်တရား' ရှိကြတာပဲ ဖြစ်ခဲ့ပါတယ်။

'မှားချင် မှားမယ်၊ မှန်ချင်မှန်မယ်၊ ဒါပေမဲ့ ကျုပ်ကို ငြိမ်သက်အောင်တော့ မလုပ်ပါနဲ့။ ယောကျ်ားမဟုတ်။ ဘောင်းဘီဝတ်မိုးတိမ်ရယ်' ဆိုတဲ့ ဆရာမောင်သာနိုးရဲ့ ဘာသာပြန်ကဗျာရှည်။ "မိုးတိမ်ကို ဘောင်းဘီဝတ်ပေးခဲ့တဲ့" 'မာယာကော့(ဖ်)စကီး' ကို Rum Sour နဲ့ ညှော်ခံဖို့ 'အင်းယားလိတ်' ကို ရောက်ဖြစ်ခဲ့ကြလေတယ်။ ဒါ ... တကယ်။

'ဟော့ကောင် ကရင်... စကားပြောရင် ရှင်းအောင်ပြော။ စာရေးသလို မပြောနဲ့ မင်းဟာက မတော်လိုက်ရတဲ့ မင်း ယောက္ခမ ကျောင်းဆရာမကြီး

mgyoe.com

mgyoe.com


လိုပဲ၊ စာရေးတော့ မရှင်းဘူး။ စကားပြောတော့ နားမလည်ဘူး။ နားကြား မြင်းကတ်တယ်လို့' ပြောဦး၊ ဆဲဦး၊ ကန်ဦးမလား ... ဘိုးတော်။ ကျွန်တော် ဟာ ခင်ဗျားရဲ့ 'ခဲလုံး' ပါ။ ကျွန်တော်ကလည်း ဒီ 'ခဲလုံး' ဖြစ်ရတာကို သာယာနေခဲ့တာပါဗျာ။ ၁၉၉၀ ပြည့်လွန်ကာလက ရက်တစ်ရက်မှာ ဒီဖြစ်စဉ်ဖြစ်ခဲ့ပါတယ်။ ကိုသျှပ်က . . .

'ဟော့ကောင် . . . မင်းကို ငါ 'ကျ' ထားတဲ့ ယင်ကောင်ကြီးရဲ့ အင်္ကျီကို ဝတ်ကွာ၊ တို့ အင်းယားလိတ်သွားမယ်' လို့ ပြောရောခင်ဗျာ။

ဒီနေရာမှာ 'ယင်ကောင်ကြီး' ဆိုတာက ကွယ်လွန်သွားပြီဖြစ်တဲ့ အဆိုတော် မင်းခေါင်ပါ။ အဲဒီ မင်းခေါင် (ခေါ်) 'ကိုထွန်းထွန်း' ရဲ့ အင်္ကျီကို ကိုသျှပ်က ကြိုက်ပြီးတောင်းတယ်။ အင်္ကျီက တောင်အမေရိကတိုက်နဲ့ မြောက်အမေရိကတိုက် မြေပုံကို ချည်သားအစိမ်းရောင်မှာ ရိုက်ထားတဲ့ အဆင်နဲ့ပါ။ ကြည့်တတ်ရင် ကျူးဘားအရေးအခင်းဖြစ်တဲ့ 'ဝက်ပင်လယ်အော်' တောင် ပါတယ်ဗျာ။ 'ပနားမား' တူးမြောင်းလည်းပါတယ်။

ကိုင်း . . . ပစ္စည်းမဲ့ (အရင်းမဲ့လို့ ပြောမှ ပိုမှန်တယ်လို့ ကျွန်တော်တို့ အစ်ကိုလိုပေါင်းခဲ့တဲ့ P.S ဆရာ ဦးသန်းထွဋ်(ကိုဖိုးရီ)ကတော့ ပြောခဲ့ဖူးပါတယ်) တစ်ယောက်အနေနဲ့ ဝတ်ခွင့် မရှိပေဘူးလား။ ဝတ်တယ်ဗျာ။ မဝတ်ရင် ဟိုတစ်ခေါက်ကလို မောင်းထုတ်ခံရမှာလေ။ ခုတစ်ခေါက်တော့ ဘယ်မောင်းထုတ်လို့ ရတော့မှာလဲ။ ဈေးကွက်စီးပွားရေး ဖော်ဆောင် လာတဲ့ကာလာ။ တံခါးဖွင့် စီးပွားရေးကာလပဲ။

Etiquettle ဆိုတာ ကောင်းကောင်းနားလည်ထားပေမယ့် အင့်စိတ်ထဲမှာက 'ပစ္စည်းမဲ့ ဒေါသ' က နေရာတကျ ရှိမနေခဲ့ဘူး။ ဟိုရောက်လိုက်၊ ဒီရောက်လိုက်။ မာဇဒါ ၁၃၀၀ ဆီဒင်ကားတွေလို မောင်းထွက်မယ် တကဲကဲဖြစ်နေတာကလား။ 'ဘောင်းဘီဝတ်မိုးတိမ်' တွေလိုပဲ။

ဒါနဲ့ လူမုန်း (ဒါ . . . နာမည်အရင်းပါ။ ဒါရိုက်တာနဲ့ ဓာတ်ပုံဆရာလုပ်တော့ လူမင်းခေါင်တဲ့။ ကျွန်တော်နဲ့က Morning Star ဆိုတဲ့ တီးဝိုင်းမှာ အတူတူပါခဲ့ဖူးပြီး ကိုသျှပ်နဲ့ကတော့ ရပ်ကွက်ချင်း ဆက်နေတဲ့ ရွာနီးချင်းပေါ့ဗျာ) ရယ်၊ ကိုသျှပ်ရယ်၊ ကျွန်တော်ရယ်၊ အဆိုတော်မင်းသားကြီးရဲ့ Datsun 120Y အပြာရောင်ကားအိုကြီးနဲ့ အင်းယားလိတ်ကို ရောက်

mgyoe.com

mgyoe.com


ခဲ့ကြတယ်။ အေးစိမ့်နေတဲ့ အင်းယားလိတ်နဲ့ ဘားခန်းဟာ တံခါးဖွင့်စီးပွား စနစ်နဲ့အတူ မွေးပျံ့လို့။ Chamber Music က ငြိမ့်ညောင်းလို့ဗျာ။ ကြုံလို့ သတိရမိတာက မစ္စတာတိန့်ရှောက်ဖိန် (ရဲဘော်တိန်) ကြီး ပြောခဲ့တဲ့။ 'အေးပေါ့ဗျာ တံခါးတွေ ဖွင့်လိုက်တော့ လေကောင်းလေသန့်ရတာပေါ့။ ဒါပေမဲ့ ခြင်တွေလည်း ဝင်တတ်တာပေါ့လေ။ ဒါတော့ သတိထားရမှာပေါ့' ဆိုတာကိုပါ။ အခုပဲ ဆိုရှယ်လစ်ခေတ်နှောင်းပိုင်းက 'သန္ဓေ' တည်ခဲ့ပြီး မျက်မှောက်ကာလမှာတော့ ဇရပ်ကြီးလုံးလုံး ဖြစ်သွားရရှာတဲ့ ဟိုတယ်အင်းယားလိတ်ကြီးထဲ လမ်းမှားဘဲ ပုသိမ်သား ၃ ယောက် တည့်တည့်ကို လာခဲ့ကြပါတယ်။ 'ချိုး' ကနေ 'ခြင်' ဖြစ်ခဲ့ရရှာတဲ့၊ ပုသိမ်သား ၃ ယောက်နဲ့ ကားမောင်းပြီး လိုက်ပို့ရှာတဲ့၊ 'မိတ္ထီလာသား' (တပ်မတော်အရာရှိကြီးတစ်ယောက်ရဲ့ သားပါ) တစ်ယောက်တို့ဟာ 'အင်းယားလိတ်ဆိုတဲ့ ဇရပ်ကြီး' ထဲက 'သေတင်းကုပ်' လေးထဲ ရောက်လာခဲ့ပါပြီ။ ကျွန်တော်တို့ဟာ 'ခြင်' တွေပဲလားတော့ မသိ။

ကိုသျှပ်နဲ့ အဲဒီဘားက အရက်စပ်တဲ့ မာစတာကြီး (ခုထိ Mrs. Guitar မှာ ရှိပါသေးတယ်) က သိပ်ကို ရင်းနှီးတာကလား။ ဘိုးတော်ဟာ အေးစိမ့်တဲ့အခန်းထဲ ရောက်ရောက်ချင်းပဲ သူ့ဂျာကင်ထဲမှာ အမြဲလိုလို ထည့်ထားတတ်တဲ့ ဂျာမနီလုပ် Hofner အမျိုးအစား 'ဟာမိုနီကာ' လေးကို ကောက်မှုတ်လိုက်လေရောဗျာ။ 'တံပိုးဆရာ' မဟုတ်လို့ တော်သေးတာပေါ့။ 'ဆက်ဆိုဖုန်း' ကြီးများ ကောက်မှုတ်လိုက်လို့ကတော့ ချိုးတွေရော၊ ခြင်တွေရော၊ ရေပေါ်ဆီ (Elite) တွေရော၊ လူကုံထံတွေရော၊ ဝင်းနာကျောတင်း (ဝဏ္ဏကျော်ထင်) တွေရော ပျံ(ပြန်) ထွက်သွားမှာ အသေအချာပဲ။ ကားနဲ့ လိုက်ပို့သူ အရာကြီးရဲ့သား အဆိုတော်မင်းသားက မျက်နှာမှာ သွေးတွေ လစ်ကုန်ပြီ။ ဒါ Chamber Music ဖွင့်ထားတဲ့ ဘားခန်းလေ... ဒါ... Etiquette လေ။ ကျွန်တော် ဘယ်အချိန် လာကြိုရမလဲမေးပြီး အဲဒီအဆိုတော်ခမျာ ထွက်ပြေးခဲ့လေတယ်။ လူမုန်းက စပါတယ်။ ကျွန်တော်ကတော့ 'ခဲလုံး' လို ငြိမ်လို့။ ကိုယ်ကိုယ်တိုင် 'ခဲလုံး' လိုက်ရှာနေမိတာပါ။ ကိုယ်လည်း 'ခဲလုံး' ရှာခွင့်ရှိတယ် မဟုတ်လားပေါ့လေ။ လူမုန်းက 'ဟော့ ငှက်ရ . . . ဟိုခြေထောက်ရှည်ရှည်နဲ့ ဗွန်းကြီးက ခန့်သကွာ၊ အဖတ်တွေ

mgyoe.com

mgyoe.com


ရောမွှေရမယ်ဆိုတော့ မင်းဟာက 'ဘီလပ်လှော်စာ' များလားကွာ ဆိုပြီး လုပ်ရော။ ကျွန်တော်ကတော့ 'ကိုသျှပ်ရေ ... ဒီတစ်ခါတော့ မောင်းထုတ် မခံရပေဘူး။ ဒါပေမဲ့ ပုစွန်တောင် သျှောင်ကြီးဇွဲ ကိုတင်ဦး ဆိုင်တော့ ဖြစ်တော့မယ်ထင်တယ်' လို့ မှတ်ချက်ပေးတော့ မင်းရော လူမုန်းရော ကြိုက်တာမှာ၊ တို့လည်း အားလုံး သောက်ခွင့်ရှိတယ်။ ငါ့မှာ ပိုက်ဆံအလုံ အလောက်ပါတယ်။ ငါက ငါကြိုက်တာနဲ့ဖွင့်ပြီး ငါကြိုက်တာနဲ့ ပိတ်ဖို့ အစီအစဉ်ချပြီးသား၊ ရော့ . . . Menu မင်းတို့ ကြိုက်တာမှာ လုပ်ရောဗျို့။

ကျွန်တော်တို့ နှစ်ယောက် ချောက်ကျပြီ။ ခွကျပြီ။ ဘယ်လိုလုပ်ပြီး ကောက်ကာငင်ကာ လူကုံထံအချိုး ချိုးလို့ရမှာလဲ။ ကိုယ်ကြားဖူးတာက အလွန်ဆုံး မြေလျှောက်ဝိဇ္ဇာ ကိုရော်နီနဲ့ ကိုရော်မည်းလောက် သိတာ။ ဟိုဗျာ Red Lable နဲ့ Black Lable။ ဒါတောင် မြင်ဖူးရုံရှိတာ။ ဒီမှာတင် လူရည်တတ်ဘိုးတော်က 'ကိုင်း ... ငါပဲ မှာပေးပါ့မယ်။ ငါ့ကောင်တွေ ကြိုက်လောက်တာ ငါသိပါတယ်' ဆိုပြီး ဘားမာစတာအန်ကယ် ဦးထွန်း တင်ကို 'အန်ကယ် ဝိစကီ Whisky Sour 2 cups' ဆိုပြီး လုပ်ရောဗျာ။ ပြီးတော့လည်း လုပ်သေးဗျာ။ 'ဟေ့ ကရင် မှတ်ထား၊ အင်းယားလိတ်မှာ ငါဇရုပ်လုပ်နေတာက ဒီ ဦးထွန်းတင်ကြောင့်၊ Cocktail ကြောင့်ကွ။ အရက် သောက်ချင်မှတော့ နန်းယုတို့၊ ဆွေချစ်လိုတို့၊ ၁၉ လမ်းက တာကောတို့ ရှိနေတာပဲ။ ဒီအင်းယားလိတ်မှာပဲ ရတဲ့ Sour ကြောင့် ငါဒီမှာစတည်းချနေ တာ' လို့ နိုင်ငံကျော် အနုပညာရှင်က အရက်ဋီကာဖွင့်ရောဗျာ။ ဒါနဲ့ Sour ဆိုတာ စသောက်ဖူးတာပဲ။ အဝင်ကောင်းတော့ ခံတွင်းက လိုက်တော့တာ ပေါ့ဗျာ။ သူကြီးမရှိ ရွာဆူ၊ အမြည်းမရှိ လျှာပူဆိုတဲ့ ပုသိမ်၊ ကန်သုံးဆင့် ဘေးက ဖိုးအေးရဲ့စကားလုံးက ဘာဟုတ်လို့တုံး။ ဘာ အမြီး (အမြည်း) မှ မလိုပေါင်၊ ချိုလို့ ငြိမ့်လို့။ အင်း ... 'တက်' လို့ပေါ့ဗျာ။

ကိုသျှပ်ကတော့ 'ဟာမိုနီ' (ဘာဂျာ) နဲ့ Blues Scale တွေ တန်းစီ ဆွဲနေတော့တာပဲ။ တချို့ 'ဘို' တွေက Bravo လုပ်၊ တချို့က တိတ်တိတ် ဆိတ်ဆိတ်မနေရလို့ စိတ်နောက်ပြီး 'တစွတ်ကူး' လေး ဆွဲပြီး ထွက်သွား၊ ယောက်ယက်ကို ခတ်လို့။ ဟုတ်တာပေါ့။

ကိုသျှပ်ဟာ ရွှေဥဒေါင်းကြီးရဲ့ တစ်သက်တာမှတ်တမ်းရယ်၊ ဗညား

mgyoe.com

mgyoe.com


ဒလရဲ့ ရာဇဝိရာဇ်အရေးတော်ပုံကျမ်းရယ်လို့ မှတ်နေအောင်ကြိုက်သူ၊ ကျက်ထားသူပါ။ သူ မသိတာက သူ့ကောင် 'ခဲလုံး' ကျွန်တော့် အကြောင်းပါ။ ဆင်တော် 'ငချစ်ခိုင်' ကို အရက် ကိုးမောင်းတိုက်ပြီး စီးချင်းထိုးခိုင်းနေပြီဆိုတာ ဘိုးတော်မသိ။

ရွှေဥဒေါင်းရဲ့ Gentle Man စိတ်ပျောက်၊ အငုံ့စိတ်ရောက်၊ အရိုင်းအစိုင်းစိတ်က ချွန်းဖွင့်လို့ ထိုးမယ်တကဲကဲ ဖြစ်နေရှာတာကို ဘိုးတော်မရိပ်မိခဲ့ပါဘူး။ 'လူမုန်း' လည်း အလုပ်ရှိလို့ ပြန်သွားပြီ။ မနက်မိုးလင်းဘားဖွင့်ကတည်းက ဆွဲလိုက်တာ အစာမပါဘဲ အရက်ပေါင်းကလည်း စုံပြီ။

ညနေ 'ပွတ်သဘင်' ဆင်ယင်ဖို့ 'ပတ္တမြား' ခန်းမရှေ့က 'မဟာစန္ဒရားကြီး' ရှေ့မှာ Jazz ဂီတတွေ တီးခတ်မယ့် ကရင်အဘိုးကြီး ဖထီးစောအားပိုလိုလည်း ရောက်လာပြီ။ ကိုသျှပ်ကတော့ ဘားခန်းထဲ နိုင်ငံခြားသားတွေနဲ့ စကားကောင်းနေဆဲ။

သဆော်ကက 'ဝက်ပင်လယ်အော်' ထဲ ထွက်ခဲ့ပြီ။ ကျွန်တော် ဖထီးအားပိုလိုနဲ့ စကားပြောနေမိတာပဲ အမှတ်ရတော့တယ်။ ဘာဖြစ်သွားမှန်း မသိတော့ဘူး။

သိလိုက်တော့... ကျွန်တော်ဟာ 'Ruby Hall' မှာ ဝက်တစ်ကောင်အလား ရေတွေရွှဲလို့။ လုံခြုံရေးဝန်ထမ်းတွေက ကျွန်တော့်ကို 'လက်တွန်းလှည်း' ပေါ်တင် တွန်းထုတ်သွားနေတာတွေ့ရတယ်။ ပါရှန်းကော်ဇောအနီကြီးလည်း ရေတွေ၊ ဖုန်စုပ်စက်တွေ၊ အလုပ်ရှုပ်နေသူတွေနဲ့ ဖထီးရေတာ့တာ။

နောက်နေ့ရောက်တော့... ဒီတစ်ခါ ဘိုးတော်ဟာ 'ခဲလုံး' ဖြစ်သွားရှာရပါတော့တယ်။ တောင်းပန်ရတာ ... သောက်ခဲ့သမျှ လူကုံထံအချိုးချိုးခဲ့သမျှ မာဇဒါ ဆီဒင် ၁၃၀၀ တွေ မဟုတ်ဘဲ၊ စစ်ကျန်သစ်သား ဘတ်စကားကြီး ၁၀ စင်း၊ ပုသိမ်ကောလိပ်ကနေ တစ်ပြိုင်နက်တည်း မောင်းထွက်သလိုကို ဖြစ်ရောတဲ့ဗျာ။

'ကရင် မင်း ... မငယ်တော့ဘူး။ မင်းသောက်ရင် မယစ်ဘူး၊ မရမ်းဘူး။ ဒါပေမဲ့ မင်းက နေရာဒေသ မရွေးဘူး။ ကျိုးတာက ဆိုးတယ်ကွာ။

mgyoe.com

mgyoe.com


အင်းယားလိတ်မှာ ကျိုးတယ်။ မင်းကျိုးပြီဆိုရင် မင်းဘာမှမနိုင် တော့ဘူး။ အဆိုးဆုံးကတော့ 'ဆီး' သွားတာပဲ။ ငါမျက်နှာပျက်ပေါင်းများပြီ။ အို အေစစ်စတူဒီယိုမှာလည်း မင်းပေါက်ဖူးတယ်။ 'မေ' မှာလည်း မင်းပဲ။ 'လင်း' လည်း မချန်ဘူး။ ကရင် တော်ပြီ ... နောက် မင်း မလိုက်တော့နဲ့' ဆိုပြီး တိုးညင်းညင်သာ အမိန့်ချပါတော့တယ်။ ကျွန်တော်ဟာ 'ခဲလုံး'ပါ။ မတတ်နိုင်တာတွေတော့ ရှိပေါ့လေ။ အောင့်အည်းထားရသမျှ၊ ဘဝမှာ ဟန်မကျ ခဲ့သမျှ၊ တစ်သက်လုံးလွဲနေသမျှ မဟုတ်တာကျတော့ လာလာ တည့်တတ်တယ်။ အဲဒါက 'ဆီးရွှင်'တာပါ ခင်ဗျာ။ ခုတော့ ကိုသျှပ် စိတ် ချပါတော့။ ခင်ဗျား မလစ်ခင်လေးတင် ဒီတုန်းက အသစ်စဖွင့်တဲ့ 'ကြက် ဆင်' မုန့်တိုက်နောက်က Studio D မှ နောက်ဆုံး 'ရွှင်' ခဲ့သေးဗျာ။ ဒါ နောက်ဆုံးပါပဲဗျာ။

ဩော် ... ခင်ဗျား ဘာကြောင့် အင်းယားလိတ်ကို သွားရသလဲဆို တော့ 'အငုတ်' ပြောဖို့ ကျန်သေးတယ်။ အဲဒါက Cocktail တို့ Sour တို့ 'စပ်' တဲ့နေရာမှာ သုံးရတဲ့ ဓာတုပစ္စည်းတစ်ခုကြောင့် အန်ကယ်ဦးထွန်းတင် ရှိတဲ့ 'ဇရပ်ကြီး' တွေ နောက် တကောက်ကောက်ပါအောင် လိုက်ဖြစ်တာ ကိုး။ ခင်ဗျားရဲ့ နောက်ဆုံးဇရပ်က ကိုနေမျိုးဆေးရဲ့ Mr. Guitar ပဲ။ အဲဒီ မှာ အန်ကယ်ရှိတယ်။ Sour ရှိတယ်။ Cocktail ရှိတယ် ဒီလိုပေကိုး။

'ဟေ့ကောင် ... မင်းဓာတုဗေဒနဲ့ ကျောင်းပြီးတယ်လည်းဆိုသေး Ethyl Alcohol နဲ့ Methyl Alcohol တောင် မခွဲတတ်ဘူး။ ဘာလဲကွ အရက်မှာ Methyl မစင်ရင် နံတယ်။ ငါ Red မသောက်တာ အဲဒါကြောင့် မသောက်ရရင် မသောက်ဘူး။ သောက်ရင် ကောင်းကောင်းသောက်မယ်။ မင်းတို့ ငါတို့ ဖိနပ်တန်းဘားလည်း ချတယ်။ တို့ကျောင်းနားက ဆာဗား နားဆိုင်မှာလည်း ပဲလှော်နဲ့ချက်အရက် ကြိတ်ခဲ့တာပဲ။ ခုဟာက ငါ သောက်နိုင်လို့ သောက်တယ်။ ဘာဖြစ်လဲ။ ဘယ်သူ့ကို ထိခိုက်သလဲ။ ငါ့ပိုက်ဆံနဲ့ ငါသောက်တာ။ အေး Sour နဲ့ Cocktail စပ်ရာမှာ ဒီဓာတု ပစ္စည်းက အခရာပဲကွ။ ငါ့ကို အန်ကယ်ဦးထွန်းတင်က သင်ပေးခဲ့တာ။ ဒီပုလင်းလေးက အလွန်ဆုံးရှိလှ 200 ml လောက်နေမှာပေါ့။ ပုလင်းပစ်ဂမိ လေးကွ၊ Ango Stuara တဲ့။ Aromatic Bitter လို့ ရေးထားတယ်။

mgyoe.com

mgyoe.com


ဘာတွေပါသလဲဆိုတော့ ငါလည်းမဖတ်မိဘူး။ ဒီဓာတုပစ္စည်းအရည် တစ်စက်ဟာ ဘယ်လောက် အနံ့အသက်ဆိုးတဲ့ 'အရက်' ဖြစ်ဖြစ်၊ Methyl မသန့်သန့် တစ်စက်ထိတာနဲ့ အားလုံးအနံ့ပျယ်သွားတော့တာပဲ။ ဒီတော့မှ Sour ဆိုတာ အချဉ်ပေါ့ကွာ။ လိုချင်တာစပ်ပေတော့ အလိုက်ချည်းပဲ။ ဒီပစ္စည်းလေး ပြတ်သွားလို့ အင်းယားလိတ်နှစ်ပတ် ပိတ်လိုက်ရတယ်တဲ့ ကွာ...။ ဟုတ်မယ် ငါအောင်ရင့် သူငယ်ချင်း Joel ကြီး (ကိုကျော်မင်းဒင်) နဲ့ လိုက်ရှာဝယ်သေးတယ်။ သိတောင်မသိကြဘူး။ ဒါနဲ့ ငါ အင်းယားလိတ်ကို ငြိရတာကွ' လို့ ဆိုဖူးခဲ့ပါတယ်။

ကာလတစ်ခုရောက်တော့ ကျွန်တော်က 'သရဖူ' မဂ္ဂဇင်းမှာ တောက်တိုမယ်ရ လုပ်နေခဲ့ပါတယ်။ 'သရဖူ' က ၂၁၂၊ လမ်း ၃၀ မှာပါ။ ထုံးစံအတိုင်း ကျွန်တော် မဂ္ဂဇင်းတိုက်မှာ ကိုနေမျိုးဇော်၊ ကိုနိုး (ပန်းချီမောင်နိုး) တို့နဲ့ နေခဲ့ပါပြီ။ သူနဲ့ မနေတော့ဘူး။ သူက ၈၉ လမ်း အမှတ် ၂၇ မှာ ကျန်ခဲ့ပါတယ်။သူ 'သရဖူ' ကို ရောက် ရောက်လာတယ်။

တစ်နေ့ သရဖူကို ထုတ်ဝေနေတဲ့ စာရေးဆရာ ကိုငြိမ်းအေး (ငြိမ်းအေးအိမ်) နဲ့ အရက်အကြောင်း စကားစပ်မိရင်း ကိုငြိမ်းကို Taquila လိုက်တိုက်ပါတယ်။ ကျွန်တော်က ကျန်နေခဲ့တာပါ။ ပုသိမ်ကောလိပ်ကျောင်းနားက ဟိန္ဒူကုလား 'ဆာဗားနား' ရဲ့ ချက်အရက်နဲ့ စခဲ့တဲ့ ကိုသျှပ် (ခေါ်) အခု ထူးအိမ်သင်ဟာ အရိုင်းစိတ်မကုန်သူ၊ ပစ္စည်းမဲ့ဒေါသကို နေရာမချတတ်ခဲ့ပါလို့ 'ခဲလုံး' ဖြစ်နေတဲ့ ကျွန်တော်က ဝေဖန်ရင် လွန်တော့လွန်သွားပါလိမ့်မယ်။ သူဟာ 'ခဲလုံး' ကိုသာ ရှာကန်တတ်တာ။ သူ့စိတ်ထဲက 'ခဲလုံး' ကိုတော့ နေရာမချတတ်သူပါပဲ။

ခုလည်း ရှရှားတောအရက် (အင်မတန်ပူပါတယ်ဗျာ) ဗော့ဒကာကို သူသောက်တယ်။ မာယာကော့ဖ်စကီးအတွက်နေမှာပေါ့လေ...။ နောက် 'ဆာကေး' ဂျပန်တောအရက် သောက်တယ်။ မိုးမိုးအေး ယာမာဂူချိအတွက်လားတော့မသိ။

ဟော ခု Fists Full of Dollars ထဲက စောင်ကြားခြုံ ကလင့်(စ်) အိစ်ဝုဒ်ကြီးသောက်ခဲ့တဲ့ မက္ကဆီကန်တောအရက် 'တာကီးလား' ကို သူတင်မကဘူး မော်ထိုင်းသောက်ခဲ့တဲ့ ကိုငြိမ်းကိုပါ ဇာတ်သွင်းခဲ့ပြန်ပါရော။
mgyoe.com

mgyoe.com


Taquila က သောက်ရတာ အမယ်များပါတယ်။ ညာလက်က အရက်နဲ့ သံပရာသီး၊ ဘယ်လက်က 'ဆား'... အဲဒါကို Rhythm မှန်မှန် တစ်ပြိုင်နက် ကခုန်လိုက်မှ နေရာကျတာ။

'အန်ကယ်တိန့်' ရဲ့ 'မော်ထိုင်း' လောက်နဲ့ နေရာကျခဲ့ရရှာတဲ့ ကိုငြိမ်းခမျာ Rhythm က ဘယ်ဂိုက်ကျတော့မှာလဲ။ ကိုငြိမ်းခမျာ... 'ခဲလုံး' ကိုဖြစ်လို့။ ကိုသျှပ်ဟာ တကယ်တော့ တိုးတက်တဲ့ မွန်ဗမာကပြား၊ နူးညံ့သူပါ။ ခုတော့ သူ့လက်ကျန်ဒေါသတွေကို နေရာမှားမှားချတတ်တာက ဆိုးတာပါ။

တစ်နေ့တော့ ကိုသျှပ် 'သရဖူ' ရောက်လာတော့ စာရေးဆရာအဖိုးကြီးတွေစုံနေ၊ ဆုံနေ သောက်ချိန်ဖြစ်နေတယ်။ ဆရာကြီးတွေရဲ့ ဂုဏ်သိက္ခာအရ နာမည်တွေ မဖော်ပြတော့ပါဘူးဗျာ။

အရက်က ကိုငြိမ်း 'ဖာ' လိုက်ဆွဲပေးထားတဲ့ ဖိလစ်ပိုင် ဝီစကီ (ပြောတာပါဗျာ) ပုလင်းပြားလေးပေါ့။ ကျွန်တော်တို့ကတော့ အဲဒီအရက်ကို အသံမထွက်တတ်လို့ 'အနီချို' လို့ပဲ ခေါ်ခဲ့ကြပါတယ်။

အဲဒါလေးရယ် ကျွန်တော် ကြော်ပေးတဲ့ ကန်စွန်းပလိမ်းလေးရယ် ဆွဲနေတုန်း သူရောက်လာပါတယ်။ ဒီမှာတင် ဆရာကြီးတွေကို သူ့ရဲ့ Angostua, Aromatic Bitter ငွေကာ ဖွင့်ပါတော့တယ်။ ဒီဝိုင်းမှာ မသောက်တာက Post Modern ကို တင်သွင်း အခြေအမြစ်တွယ်စေခဲ့သူ၊ ၈ မိုင် အဘိုးကြီး၊ ဆရာဇော် (ဇော်ဇော်အောင်) ပါ။

ဆရာက ကာလတစ်ခုတုန်းက 'ကြေးအိုး' ဆိုင်ဖွင့်ဖူးသူပါ။ 'ပီတာ ဇော်မြင့်ကြေးအိုး'။ ဒီနေရာမှာ နိုင်ငံရေးစကားပြောခြင်း သည်းခံပါဆိုတဲ့ ဆရာသခင်စိုးကြီးရဲ့ တပည့်ပေါ့လေ။ သူက စကားဝိုင်းထဲဝင်ပြီး ကိုသျှပ်ကို တိုက်ရိုက်မပြောဘဲ 'ဟေ့ ကြွက်... မင်းအားရင် ငါ့ဆီမှာလာယူ၊ နည်းနည်းတော့ ကျန်ဦးမယ်၊ ကြာတော့ ကြာပြီကွ' ဆိုပြီး အဲဒီပစ္စည်းကို 'ကျ' ခဲ့ပါတယ်။

ကိုသျှပ်က ဝမ်းသာအားရနဲ့ 'ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်တော်ရှာတာ နေရာနှံ့နေပါပြီ။ စင်ကာပူကို လှမ်းမှာဖို့တောင် စိတ်ကူးနေတာ။ ဒီကရင်ကို မစောင့်နိုင်ဘူး။ ကျွန်တော်ကိုယ်တိုင် လာပါ့မယ်' လုပ်ခဲ့

mgyoe.com

mgyoe.com


တယ်ဗျာ။

ဟုတ်တယ်။ အင်းယားလိတ်ကို သွားတုန်းက ပုသိမ်သား (BSN/W) ၃ ယောက် သွားခဲ့၊ ရမ်းခဲ့သလို ခု 'သရဖူ' မှလည်း ဒီပစ္စည်းကို သိတာ ကိုသျှပ်ရယ်၊ ခဲလုံး ကျွန်တော်ရယ်၊ ၈ မိုင် အဘိုးကြီး ဆရာဇော်ရယ် သုံးယောက်ပဲ သိပါတယ်။ ဒါနဲ့ ဒီဆေးဟာ 'စိတ်' တွေကိုရော 'အနံ့' ပျောက်စေသလားဗျာ။ ကျွန်တော် အဘိုးကြီးကို မေးခဲ့ပြီး ခင်ဗျားနဲ့ ပြန်ဆုံတော့ ပြောသေးတာပေါ့လေ။

ကိုသျှပ်ရေ... 'တံခါး' တွေ ဖွင့်လိုက်တော့ လေကောင်းလေသန့် ရတာပေါ့။ ဒါပေမဲ့ ခြင်တွေလည်း ဝင်တာပေါ့ဆိုတဲ့ 'စိန့်တိုင်းက ဘိုးတော်ကြီး' စကားအရတော့ Angostuara ဟာ 'ခြင်' တွေတော့ မနိုင်လောက်ဘူး ထင်ပါရဲ့ဗျာ။

အေးလေ . . . ခင်ဗျား 'လစ်' သွားတော့ လူကုံထံအချိုးမချိုးရတာ ကြာပေါ့လေ။ ဟော့လူ ... လာတော့မခေါ်ပါနဲ့၊ ကျုပ်ဘာသာ ကျုပ်အချိန်တန်ရင် လိုက်ခဲ့ပါ့မယ်။ အင်းယားလိတ်ကတော့ ဇရပ်ကြီးဖြစ်နေပြီ ... ကိုသျှပ်ရေ။

□

mgyoe.com

mgyoe.com

# ဆဌမမြောက် တိမ်တိုက်ထဲက ထူးအိမ်သင်ရဲ့ နှတ်ရထား

ဗတ်စကိုဒဂါးမား ... ရှက်လွှင့်ခဲ့တယ်။ ခရစ္စတိုဖာကိုလံဘတ်(စ်) ကုန်းမြေအသစ်အတွက် ရှက်လွှင့်ခဲ့တယ်။ မဆလာ၊ ကရဝေး . . . ဖာလာ၊ လေးညှင်း ... ဟင်းတစ်ခွက်ခံတွင်းမြက်ဖို့ ... ပင်ပန်းလွန်းလေစွ ...။ ဝံပုလွေလာဆင်ကြီး ရှက်လွှင့်ခဲ့တယ် ... 'တရား' နဲ့ 'အား' စဉ်းစားဆင်ခြင်ခြင်းနှင့် ရင်ဆိုင်ဖြေရှင်းခြင်းကိုပြဖို့...။ တကယ်တော့ ... ယာဉ်ရထားဆိုတာ ... စိတ်တွေကို တင်ဆောင်ရွှေ့လျားဖို့ပဲ မဟုတ်လား။

ခင်ဗျားနဲ့ကျွန်တော် ... စိတ်တူကိုယ်တူ ... ယာဉ်ရထားမျိုးစုံ ... (အင်းလေ ... များသောအားဖြင့် စိတ်တူကိုယ်တူပါပဲဗျာ ... နော့) စီးခဲ့ဖူးတယ်ဗျာ။

ဘယ်တော့မှ စက်ဘီးနင်းဖို့ . . . မအားတဲ့၊

နင်းဖို့ အားမရှိတဲ့ . . . ကိုသျှပ်၊

ဟုတ်တယ်ဗျာ . . . ကျွန်တော်တို့ အားလုံးရဲ့ စက်ဘီးဂယ်ရီယာခုံတွေမှာ . . .

ခင်ဗျားက ပြားချပ်ချပ်၊ ကွေးကောက်ကောက်နဲ့ အမြဲလိုလို ပါလာတတ်တယ်။

သီချင်း တိုက်မယ်၊ ကင်တင်း သွားမယ်၊ အရက်ဆိုင် သွားမယ်၊

mgyoe.com

mgyoe.com

အဆောင်ပြန်မယ်၊ အဆောင်သီချင်း သွားဆိုတဲ့ ညတွေ . . .

အိုဗျာ ... ဒုစရိုက်ကင်းတဲ့ ... လမ်းကလေးတွေပါပဲ။ ဒီတစ်ခါတော့ သစ်သားဘတ်စ်ကားကြီး စီးဖို့ကိစ္စ ဖြစ်လာခဲ့တယ်။ အဲဒါကတော့ ... ကျေးလက်ခရီး၊ ကျွန်တော့်ရဲ့ အဘိုး၊ ကရင်အဘိုးကြီး ကျန်းမာရေးက မကောင်းလှပေဘူး။ ဒါနဲ့ မနက်သွား၊ ညပြန်သွားဖို့ ဖြစ်လာခဲ့ပါတယ်။ ကိုသျှပ်က ... ငါလည်း လိုက်မယ်တဲ့။ လိုက်ပေါ့ ...။

ကိုသျှပ် ... ခင်ဗျား ၂ မိုင်လောက် ... လမ်းလျှောက်ရမယ်။ အသွားကို ဘတ်စကားအိုကြီး စီးရမယ်။ အပြန် ... ညရထားနဲ့ အမိပြန်မယ်။ လိုက်နိုင်ရင် လိုက်ဗျာ ဆိုတော့ ... 'ဟေ့ကောင် ... မင်း ၂ မိုင်က ဘာလဲကွ ... ငါက ခြေလျင်တောင်တက် ဝင်ခဲ့တဲ့ကောင် ... ချောင်းသာ အသွားအပြန် လျှောက်ခဲ့တာ ... လိုက်မယ်' တဲ့။ လိုက်ပေါ့လေ။

ကိုသျှပ်တင်မကဘူး၊ နိုင်နိုင်ဌေး (ထက်နိုင်ကျော်ဆိုပြီး စီးရီးလုပ်ခဲ့သူ၊ မြင့်မိုးအောင် ပထမဆုံး သီချင်းရေးပေးခဲ့သူ) လည်း ပါခဲ့တယ်ခင်ဗျာ။ ကျွန်တော်တို့ ၃ ယောက်သား 'ပုသိမ် – မုံရွာ – ရေဦးလမ်းမကြီး' အတိုင်း ပုသိမ်ကနေ . . . ၁၉ မိုင် ကွာတဲ့ . . . 'ဗြဟ္မစိုရ်' အမည်ရှိတဲ့ ရွာကလေးကို လာခဲ့ကြဖူးပါတယ်။ ကိုသျှပ် သိပ်သဘောကျနေတာ သိပါတယ်။

ရွာနာမည်ကိုက ... နိပ်တာကလား။ ခုလို မိုးတွင်းဖြစ်လို့ ... လယ်သင်းနံ့တွေက မွှေးမြလို့ ။ အဲဒီ 'ဗြဟ္မစိုရ်' ကနေ ၂ မိုင်လောက် ... မြေနီလမ်းလေးအတိုင်း စပါးကွင်းတွေဖြတ်ပြီး ၃ ယောက်သား စကားတပြောပြောနဲ့ ဖြတ်ခဲ့ကြဖူးပါတယ်။

ဒါနဲ့ ... ကျွန်တော် 'အဘိုး' ရဲ့ 'ဆပ်ကွင်း' ရွာရောက်တော့ . . . အဘိုးရယ် အမျိုးတွေရယ်က . . . ရွာတို့ထုံးစံအတိုင်း . . . ညအိပ်ဖို့၊ ထမင်းစားဖို့ ပြောကြဖိတ်ကြနဲ့ . . .။ 'အဘိုး' က . . . ဘဲသားကို ကိုယ်တိုင်ခုတ်ထစ်၊ ချက်ကျွေးခဲ့တာကို . . . ကိုသျှပ်နဲ့ နိုင်နိုင် ... သဘောတွေကျလို့ပေါ့ . . .။ ဒါနဲ့ . . . ကိုသျှပ်နဲ့နိုင်နိုင် ပါလာတာကို အကြောင်းပြပြီး . . . ညရထားနဲ့အမိ ပြန်ခဲ့ကြတယ်။ အဲဒါ . . . ကျွန်တော်လည်း ကျွန်တော့်အဘိုးကို နောက်ဆုံးမြင်ခဲ့ရတာပါပဲ။ နောက်လလည်းကျရော အဘိုး ဆုံးသွားခဲ့တယ်။ အပြန်ကျတော့ . . . ဟင်္သာတ–ပုသိမ် အမြန်

mgyoe.com

mgyoe.com


ရထား၊ တလှုပ်လှုပ်နဲ့ ၃ ယောက်သား ပုသိမ်ကို ပြန်ခဲ့ဖူးတယ်။ ကိုသျှပ်က . . . ဒီလို 'ခရီးတို' လေးတွေ ထွက်ရတာလည်း သဘောကျပုံပဲ။

တစ်ခါမကလည်း . . . ကိုသျှပ် လုပ်တတ်တာရှိသေးတယ်။ ကျောင်းပိတ်ရက်မျိုးတွေမှာ . . . သူ့သူငယ်ချင်းတွေ၊ ကျောင်းမတတ်တော့တဲ့ သူငယ်ချင်းတွေ . . . သူကတော့ External ဖြစ်နေလို့ ကျောင်းမပြီးသေးပေမယ့် . . . ကျောင်းပြီးသွားတဲ့ သူငယ်ချင်းတွေရှိတဲ့ . . . ပုသိမ်ပတ်လည်က မြို့တွေကို . . . စိတ်သွားတိုင်းကိုယ်ပါ . . . သွားတတ်တဲ့ အကျင့်ကလည်း ရှိသေးတယ်။

'ဟော့ကောင် . . . တို့ . . . မြောင်းမြ သွားရအောင်ကွာ . . . ဟိုမှာ . . . ကျော့မှူး (ကွယ်လွန်သူ၊ ကဗျာဆရာ၊ ဖိုးကျော်) ဆီ သွားလည်မယ်၊ ညနေ သင်္ဘောနဲ့ပြန်လာမယ်' . . . ဆိုတာမျိုးပေါ့။ ပုသိမ်ကနေ ရန်ကုန်ကို ထွက်တဲ့ 'ရက်မှန်သင်္ဘော' ဆိုတာ ဒီတုန်းက ရှိခဲ့ပါတယ်။ ပုသိမ်က မနက် ၉ နာရီထွက်၊ မြောင်းမြကို ၄ နာရီလောက် မောင်းရပါတယ်။ မြောင်းမြရောက်တာနဲ့ . . . 'ဗ လမ်း'၊ တက်တက်ချင်း BAR ပဲ၊ ဆွဲပြီ။

ပြီးတော့ . . . သူ့သူငယ်ချင်းအိမ်တွေကို လျှောက်လည်၊ ညနေ ရက်မှန်သင်္ဘောဖြစ်ဖြစ်၊ လပွတ္တာသင်္ဘောဖြစ်ဖြစ် . . . တစ်စီးစီးနဲ့ ပုသိမ်ကို ပြန်တတ်တာလည်း 'ကိုသျှပ်' ပါပဲ။

အဲဒီ မြောင်းမြခရီးတစ်ခုမှာ . . . ကိုသျှပ်က . . . ကျွန်တော့်ကို ငါစီးရီးလုပ်မယ် . . . 'ထူးအိမ်' လို့ နာမည်ပေးမယ်ကွာလို့ ပြောဖူးခဲ့တယ်။ 'ရာဇဝိရာဇ်အရေးတော်ပုံ' စာအုပ်၊ 'အာရှတိုက်ရဲ့အလင်းရောင်' စာအုပ်ကို အထစ်အငေါ့ ကင်းသလောက်ပိုင်တဲ့ မွန်ကပြား . . . ကိုကျော်မြင့်လွင်ဟာ . . . လဝ္ဗမ်းအိမ်၊ ဗညားအိမ်၊ ဗိုလ်မင်းမြတ်ဇ၊ အဲမွန်ဒယာတို့ကို 'ဘုရား' ပြီးရင် . . . 'ဗညား' ပဲ ဆိုပြီး ကိုးကွယ်တာ ဘာဆန်းသလဲဗျာ။

ဟုတ်ပါ့။ 'ထူးအိမ်' . . .။ ကောင်းတယ်ဗျာ . . . နောက်က 'သာ' လေးသာ ဆက်ထည့်လိုက်ပေါ့လို့ ကျွန်တော်က ပြောတော့ . . .

ဘယ်တုန်းကမှ . . . စကားကြမ်းကြမ်း မပြောတတ်တဲ့ ကိုသျှပ်က ဆဲပါလေရော။ အဲဒါ သင်္ဘောပေါ်မှာ။

မြောင်းမြ အသွားအပြန် . . . ပုသိမ်သားတွေနဲ့ မြောင်းမြသားတွေ

mgyoe.com

mgyoe.com


ရေတပ်ချင်းတိုက်ကြတဲ့ပွဲ . . . မိဖုရား 'တလမေဒေါ' ရင်ဝတ်တော် လျှော ကျတာကိုမြင်လို့ . . . စစ်တိုက်လည်း သေမှာပဲ၊ မတိုက်ရင်လည်း အသတ် ခံရမှာပဲ၊ မိဖုရားရရင်တိုက်မယ် . . . ငါအရှင်ရဲ့စိတ်ကို စမ်းမယ်လို့ စိတ် လုပ်ပြီး စစ်မထွက်တဲ့ 'လဝွမ်းအိမ်' တပ်စွဲခဲ့တာ ဒီနေရာမှာပဲကွ . . . လို့ 'ဝေန်မြစ်'ထဲ လက်ညှိုးတထိုးထိုးနဲ့ . . . ကိုသျှပ်ဟာ တကယ့်ကို ရွှင်ပျ လို့ပါပဲ။ သူက . . . ဒီလို ခရီးတိုလေးတွေကို ကြိုက်တတ်သူ။ ခရီးမသွား ရရင် . . . သူ့သူငယ်ချင်းတွေရဲ့ လွတ်တဲ့ခုတင်မှာ တွေးနေ၊ ကွေးနေ၊ သီချင်းတွေ ရေးနေတတ်သူ။

တစ်နေ့သား . . . 'ကိုသျှပ် ခင်ဗျားအဆောင်ကို လိုက်မယ်ဗျာ' လို့ ကျွန်တော်က လုပ်တော့ . . . 'ငါ့မှာ အဆောင်မရှိဘူးကွ၊ ငါက ဟို ခုတင် ကပ်နေ၊ ဒီခုတင်ကပ်နေ . . . အခု ငါ . . . လှမိုးတို့အဆောင်မှာ နေတာ မလိုက်ပါနဲ့ကွာ' လုပ်တော့ . . . ဘာရမှာလဲ . . . အဲဒီ 'လှမိုး' (ဖျာပုံ) အဆောင်ရှေ့မှာ 'တောအရက်ဆိုင်လေး' ရှိတာပဲ၊ နည်းနည်း သောက်မယ်၊ လိုက်မယ် . . . ဇွတ်လုပ်ပြီး လိုက်ခဲ့မိပါတယ်။

ဒါ 'ကိုသျှပ်'... 'သက်ငြိမ်'ဆိုတဲ့ အင်မတန် အဆင့်မြင့်တဲ့ သီချင်း ရေးခဲ့တဲ့ အဆောင်လေ။ အဆောင်ပတ်လည်မှာက ပိန်းပင်တွေက တော ထလို့ . . .။ ကြမ်းခင်းက ကျိုးပျက်။ ဒါ ငါအိပ်တာတဲ့။ ကြည့်လိုက်တော့ . . . အုတ်ခဲကို သတင်းစာစက္ကူပတ်ထားတာဗျာ။ အဲဒါ . . . တစ်ခုမှ လီဆယ်တာမပါရပါဘူး။ နောက်တော့ . . . စာမေးပွဲအပြီး မော်လမြိုင် ပြန်မယ်ဆိုတော့ . . . ကျွန်တော်က လိုက်ချင်တယ်၊ သူကလည်း လိုက် စေချင်တယ်။ ဒါနဲ့ လိုက်ခဲ့ရောဆိုပါတော့။ ပုသိမ်၊ ရန်ကုန် အမြန်သင်္ဘော လက်မှတ်က မရဘူး။ဒီတော့ (အမည်းကောင်) နဲ့ပဲ သွားခဲ့ရပါတယ်။

ပုသိမ်သားတို့ထုံးစံအတိုင်း . . . ထွက်တော်မူ ကမ်းကာခွာဖို့ဆိုရင် 'ရေကင်း' ကို ဦးတိုက်ရတယ်။ 'ရေနန်းဗိမာန်' ပေါ့ဗျာ။ 'သီတာဦး' ဆိုတဲ့ . . . သင်္ဘောဆိပ်နဲ့ကပ်လျက် ဆောက်ထားတဲ့ . . . ရေပေါ် ဘားပါ။ အဲဒီတုန်းက ဖွင့်ကာစ။ မြစ်ထဲမှာ . . . အမိုးအကာမဲ့၊ သိပ်ကောင်းတာ . . . သောက်လို့။ သောက်၊ လွမ်း၊ သောက်။ သင်္ဘောထွက်။ လမ်းမှာ သင်္ဘောရပ်တာ . . . မြောင်းမြ၊ တက်သောက်။ နောက် . . . 'ဝါးခယ်မ'

mgyoe.com

mgyoe.com


. . . တက်သောက်၊ 'မအူပင်' ရောက်တော့ . . . မနက် ၄ နာရီလောက်၊ မသောက်ရတော့ဘူး၊ ဆိုင်မတွေ့လို့။

ဒါနဲ့ ရန်ကုန်ရောက်၊ ကိုသျှပ်ရဲ့ အချစ်ဆုံးသူငယ်ချင်း ကိုတင်စော သန်းကို ရွှေဘုံသာလမ်းမှာ သွားတွေ့၊ သောက်။ဒီတုန်းက ဖ–ဆ–ပ–လ မှာနေတဲ့ 'ဆရာဒဲရစ်မေလာ' ဆီရောက်။ နောက်တော့ . . . ဘူတာကြီး၊ မော်လမြိုင်ရထား၊ ဘာလက်မှတ်၊ ဘာတွဲမှမရ။ ကိုသျှပ်တစ်ယောက် တွဲကြားမှာ ဒီအတိုင်းထိုင်ချရင်း ငုတ်တုတ်ကြီးလိုက်ခဲ့တာ . . . မော်လမြိုင်ကို ရောက်ရော။

မော်လမြိုင်၊ မောင်ငံအိမ်ရောက်တော့ . . . ပထမဆုံးကြားရတဲ့ စကားသံက . . . အရီး (ဒေါ်မြရင်) ဆီက . . . 'ဟော . . . သားကြီး မောင်မောင်ဘဲ . . . ပြန်လာပြီ' တဲ့။ ဒါနဲ့ ကျွန်တော်ကို ကိုသျှပ်က သူ့ အဖေနဲ့၊ အမေကို မိတ်ဆက်ပေးခဲ့တယ်။ သူတို့က ကျွန်တော့်ကို လှမ်းပေမယ့် သိနေတယ်။ မသိခံရိုးလား။ ကိုသျှပ်အဖေနဲ့အမေရယ် ကျွန်တော့် အဖေနဲ့ အမေရယ်တို့က . . . ဆေးခန်းကြီးတစ်ခုတည်း အလုပ်တူတူ လုပ်ခဲ့ကြသူတွေတဲ့။ ဒီထက်ပိုတာက . . . ကျွန်တော်အဖေနဲ့အမေ လက်ထပ်တော့ အသိသက်သေအဖြစ် လက်မှတ်ထိုးပေးတာ . . . ကိုသျှပ် အဖေနဲ့အမေတဲ့ဗျား။ ဇာတ်က ခုမှပေါင်းပြီ။ ကောင်းပြီ။

ဒီတုန်းက မော်လမြိုင်က ခင်ဗျားအိမ်မှာ ခင်ဗျားအကြီးအကျယ် ကြိုက်နေတဲ့ ပုဂ္ဂိုလ်ကို စတွေ့ရတာပဲ။ သူက Cliff Richard ပေါ့ဗျာ။ Young's Love One တို့ Summer Holiday တို့ Travelling Light တို့ကို ခင်ဗျား တကယ်ငြိနေပြီဆိုတာ . . . နောက် ABBA BeeGees အင်းလေ . . . ခင်ဗျား Local Talent မှာ Drums တီးခဲ့တုန်းကလည်း (ဒါ . . . ကိုသျှပ်ရဲ့ ပထမဆုံး အသံသွင်းပါ၊ အဆိုရှင်၊ တေးရေး အနေနဲ့ မဟုတ်ဘူး၊ ဒရမ်မာအနေနဲ့) Cliff Richard ရဲ့ Devil Woman နဲ့ပဲ မဟုတ်လား။ ဒီစကားတွေက ဘေးရောက်သွားပြန်ပြီ။ ကျွန်တော့်ရဲ့ ပထမဆုံး မော်လမြိုင်နေ့ရက်များမှာ . . . (ဟုတ်တယ်နော် . . . ကိုမြင့်မိုး နဲ့ မော်လမြိုင်သင်္ကြန်က နောက်တစ်ခေါက်လေဗျာ) အရီး(ဒေါ်မြရင်) စီစဉ်ပေးလို့ . . . ကိုသျှပ်နဲ့ ကျွန်တော် . . . 'မွန်အဏ္ဏဝါ' BM ကားနဲ့ 'စက်စဲ

mgyoe.com

mgyoe.com

ကမ်းခြေ' ရောက်ခဲ့ရတယ်။ လှလိုက်တဲ့ ရော်ဘာခြံတွေ၊ ကားထဲမှာက .. မန္တလေးသူတွေပါတယ် ထင်ပါရဲ့ . . . ကားကက်ဆက်က တစ်ချိန်လုံး ဖွင့်နေတဲ့ သီချင်းက . . . 'မင်းအောင်' ရဲ့ 'မန်းရွှေမြို့ကို တစ်ခေါက်တစ်ခါ အလည်လာပါဦးတဲ့ . . . ကြည်ဖြူစွာပဲ ဖိတ်ခေါ်သူပါတဲ့ဗျာ။ ကျွန်တော်နဲ့ ကိုသျှပ် 'စက်စဲ' ကိုရောက်ခဲ့ရပြီ။ ပလေးဘွိုင်သိန်းတန်၊ သိန်းတန် (မြန်မာ ပြည်)နဲ့ သူ့ဇနီး မဇေပရယ် (ဧပြီ ချစ်ခင်(ဝါ) ဓာခြည်လင်းတို့ ဆိုခဲ့တဲ့ Duet 'စက်စဲကမ်းခြေ' ပေါ့လေ) ကျွန်တော့်မှာ ကိုသျှပ်အလစ် သောင် ပြင်ပေါ် စာကလေးရေးဖို့ကြံစည်နေတုန်း . . . 'ဟေကောင် . . . Rum ၃ ပက်နဲ့ ပုစွန်ခွက်ကြော်တစ်ခုစီ မြည်းမယ်ကွာ . . . လုပ်ကွာ။ Rum က အစစ်၊ ပုစွန်ကြော်က . . . ပန်ကန်းပြားလောက်ကြီး၊ မူး လည်းလာရော . . . ဓာတ်ပုံရိုက်ကြတယ်။ ခင်ဗျားက ဒီတုန်းက ခေတ်စားတဲ့ 'တရုတ်စစ် လွယ်အိတ်' နဲ့ 'ကျွန်တော်က Cowboy ဦးထုပ်နဲ့' ... ။ ပြီးတော့ ခင်ဗျားကပဲ 'ဟေ့ကောင် ... မင်းက ဟိုဘက်က ငါ့ဆီကို 'စက္က' ဆိုပြီး ပြေးလာ၊ ငါ က 'လုလု' ဆိုပြီး ... ဖက်မယ် ... ကဲ ... ချကွာဆိုပြီး 'တစ်ခါက တစ်ဘဝ' ကို Perfomance လုပ်ဖို့ ပြောခဲ့တယ်နော်။ ကျွန်တော်လည်း မူးစပ်စပ်နဲ့ ပြေးလာလို့ အနားရောက်တော့မှ ခင်ဗျား . . . 'ပိတ်ကန်' ပစ်တာ . . . ဘယ်မေ့မှာလည်းဗျာ။ 'မင်းဟာက အနုပညာမဆန် ဘူးကွာ' တဲ့။ ဟောဗျာ . . . အရက်သမားပဲဟာကို။

ဒါနဲ့ မော်လမြိုင် ပြန်ရောက်၊ ညဘက်ဆွမ်းသိမ်းပွဲ စတိတ်ရှိုးတွေ လျှောက်ကြည့် . . . ပြီးတော့ . . . ကျွန်တော် ပုသိမ်ကို တစ်ယောက်တည်း ပြန်လာခဲ့တယ်။ ဒါ . . .ကျွန်တော့်ဘဝမှာ ပထမဆုံးခရီး တစ်ကိုယ်တော် ထွက်ချင်းပါ။ သွားရရင် အလုပ်ကိစ္စနဲ့ပဲ။ အဖော်နဲ့ပဲ။ အင်းဗျာ . . . ကိုသျှပ်နဲ့တော့ အများဆုံးပေါ့လေ။ ဒါနဲ့ ကျွန်တော်တို့ဆီ မော်လမြိုင်က ခင်ဗျားဆီက စာတွေ၊ သီချင်းတွေ မှန်မှန်ပို့ပေး၊ Aces နဲ့ အသံသွင်းဖို့ ရန်ကုန်ကို လာခဲ့ဖို့ခေါ်၊ ကျွန်တော်တို့ ရန်ကုန်ကို သင်္ဘောနဲ့လိုက်လာ။ ပြီးတော့ လူစုခွဲ။ ကိုသျှပ်နဲ့ ကိုသျှပ်အစ်ကိုကြီးတို့ ပုသိမ်လိုက်လာ။ နောက် တော့ . . . ကိုသျှပ်က . . . 'ထူးအိမ်သင်' ရယ်လို့ ဖြစ်လာ။ ကျွန်တော် တို့က 'ပုသိမ်' မှာပဲ။ နောက် . . . ရန်ကုန်ကို ကျွန်တော်ရောက်။ ပန်းနု

mgyoe.com

mgyoe.com


လဝန်း တေးသံသွင်းမှာ ခင်ဗျားနဲ့နေ (တစ်ညတလေပါ၊ ခင်ဗျားကလည်း ကပ်နေရတဲ့ကာလပေကိုး) လှိုင်းသစ်စာပေမှာ ကျွန်တော်က အိပ်၊ ကိုသိန်းအောင် (ယင်းမာ) ရဲ့ အိမ်၊ နောက် . . . Oasis Studio ပြီးတော့ . . . မင်းသားကြီးရဲ့ 'ပါရမီ'က အိမ်။ ဒီလိုတွေနေခဲ့ကြရင်း အိုအေစစ် . . . Date ဆိုင် ပိုင်ရှင် . . . ကိုဝင်းထွဋ်ရဲ့ Taxi၊ အောင်ရင်ရဲ့ Datsun 120Y အစုတ်ကြီး၊ နောက် Nissan Sky Line, Hilux . . . ကားတွေနဲ့ လမ်းတွေကများများ၊ နေ့ရက်များများ သွားခဲ့ကြရင်း . . . သံသရာကို မေ့နေခဲ့ကြတယ်ပေါ့။

သီချင်းရေးပြီး သီချင်းကို စီမံတဲ့နေရာမှာ ခင်ဗျားက ဆရာ . . .၊ ဒါပေမဲ့ 'ကားမောင်း' ကိစ္စမှာတော့ ခင်ဗျားရဲ့ဆရာက . . . 'မင်းသားကြီး' ပဲလေ။ ကျွန်တော်က 'မင်းသားကြီး' မောင်းရင် . . ကြိုက်တယ်။ ကြောက်တယ်။ မင်းသားကြီးဆိုတာ ... 'အောင်ရင်' ပါ။ ကားကို 'မသာခေါင်းလောင်း' တီးအောင် မောင်းရမှကြိုက်တဲ့ မင်းသားကြီး . . .၊ ပြောလည်း ပြောသေးရဲ့။ 'ငါက . . . အိပ်ငိုက်တတ်တယ်ကွ . . . မသာခေါင်းလောင်း မတီးရင် . . . ငိုက်ရောတဲ့။' ဒါပေမဲ့ . . . ငါမောင်းရင် စိတ်ချပါ . . . ငါက 'ဂီယာ' နဲ့ မောင်းတာ . . . 'ဂီယာ Down' ပြီး . . . ဘရိတ်ဖမ်းတာ ဘာမှမဖြစ်စေရဘူးဆိုပဲ။ ဟုတ်ပါတယ်။ ဘာမှမဖြစ်လို့သာပဲ။

တစ်ခါသား . . . 'မေ' စတူဒီယို . . . 'ရွှေတောင်ကြား' က . . . ည ဘက်အသံသွင်းကအပြန် . . . ဘာကားမှမရှိဘဲ၊ ရုပ်ရှင်မြင့်တင်ရေး အုတ်ခုံကို Sky Line နဲ့ ဝင်ကျုံးတာ . . .ကားက မာပေလို့။ တစ်ခါလည်း ဦးဘသိန်းစတူဒီယိုက မြို့ထဲဘက်အဆင်း Taxi 'ယာဉ်' လမ်းထဲချိုးအကွေ့ တိုက်မိရော။ ကားက E.F.I 'ကား' Taxi ဒရိုင်ဘာက 'အစ်ကို . . . ဖမ်းလည်း ကျွန်တော် ထောင်ကျရုံပဲအစ်ကို . . . ကျွန်တော့်ကားကိုတောင် Owner နဲ့ ညှိရဦးမှာပါ . . . တောင်းပန်လို့ . . . မင်းသားကြီး သူ့ SSS အနီကြီး ဂိုဒေါင်ထဲ ပစ်ထားရတာ ၆ လလောက် ကြာခဲ့ပေါ့လေ။ EFI ကို စင်ကာပူက လှမ်းမှာရတာ။ ကိုသျှပ်ကတောင် ပြောသေးတယ်။ 'ဟေ့လူ... ခင်ဗျားက ကားစီးပါဆိုတာ၊ ရေဒီယိုစီးတာကိုး' ဘဲ့။ ဟုတ်ပ . . . ကားပျက်ပါတယ်ဆိုမှ 'မီတာ' တွေရော ၊ ကွန်ပျူတာရော ရှုပ်ယှက်ကို ခတ်လို့။ အဲ . . . အဲဒီ 'မင်းကြီး' ဟာ ... ခင်ဗျားရဲ့ 'ကား'ဆရာပဲ။ သူပဲ

mgyoe.com

mgyoe.com


ခင်ဗျားကို ကားမောင်းသင်ပေးခဲ့တာ။ အချိန်တွေကျော်လိုက်ရအောင်ဗျာ။

OASIS Studio မှာ နေရတဲ့ကာလတစ်ခုရောက်တော့ Honda Super Cup 90 လေးတစ်စီး တွေ့ရပါတယ်။ 'ငါ မော်လမြိုင်မှာ ဆွဲထားလိုက်တာကွ' တဲ့။ ယ/ ၁၉၇၈၃ ထင်ပါရဲ့။ ဒီ Honda လေးနဲ့ ခင်ဗျားနဲ့ ကျွန်တော် Oasis ကနေ ... ဟယ်လ်ပင်၊ ပါရမီကနေ မနော်ဟရီ . . . သွားခဲ့ကြတာပါဗျာ။ ကိုသျှပ် မှတ်မိဦးမလား။ တစ်ရက်သား၊ တနင်္ဂနွေ တစ်ရက်မှာ ၈ မိုင် အိုအေစစ်ကနေ . . . ဟယ်လ်ပင်အသွား၊ မြေနီကုန်း မီးပွိုင့်အမိ၊ ဆိုင်ကယ်ကလည်း စက်အရပ်၊ နောက်က . . . ကျွန်တော် ကလည်း ဆိုင်ကယ်ပေါ်က အဆင်း . . . ဘာဖြစ်လဲပေါ့လေ။ဖြစ်ချင်တော့ မီးပွိုင့်က စိမ်း၊ ဆိုင်ကယ်ပြန်နှိုးရလို့အထွက်၊ ကျွန်တော် 'ခမောက်' ကြီး ဆောင်းလို့ မီးပွိုင့်မှာ ကားယားကြီးကျန်ခဲ့ရောဗျာ။ ဘာဖြစ်ရမှာလဲ. . . မြေနီကုန်းကနေ ဟယ်လ်ပင် . . . တစ်မှတ်တိုင်ပဲရှိတာ။ လိုင်းကားပေါ် တက်ပြီး . . ကျွန်တော်တို့သွားမယ့်အိမ်ကို ကျွန်တော်က အရင်ရောက်နှင့် ရော။ လိုင်းကားပေါ်က လူတွေကတော့ . . . ပွစိပွစိနဲ့ . . . တဟားဟား နဲ့ပေါ့ဗျာ။ ဟာသကားရိုက်ရင်တော့ ဒီ 'ဇာက်ကွက်' မပါလောက်ပေဘူး။ ခဏနေတော့ . . . ခင်ဗျား ပြန်ရောက်လာပြီး၊ 'မင်း . . . ဘယ်လိုကျန်ခဲ့ တာလဲ။ ငါက ဆိုင်ကယ်ပေါ်မှာစကားပြောတော့ . . . ဒီကောင် စကား လည်းပြန်မပြောဘူး၊ ဘာကြောင့်လည်း တွေးရင်း မောင်းလာတာ၊ အိမ်ရှေ့ ရောက်မှ မင်းပါမလာတော့ . . . ပြန်လိုက်ရှာနေတာ၊ ဂါတ်သွားရမလား၊ ဆေးရုံလားဖြစ်နေတာ' တဲ့။ ဒါတကယ်ဖြစ်ခဲ့တာနော် ကိုသျှပ်။

နောက် . . . ခင်ဗျားရယ်၊ ကိုဇော်သစ်ရယ်၊ ရဲသွင်ရယ်၊ ရန်ကင်း တိုက် ၄ လုံးအပေါ်ဆုံးထပ်မှာနေကြတုန်းက . . . ဒီဆိုင်ကယ်ကို ကျွန်တော် ပဲ ဂိုဒေါင်မှာ သွားသွား သိမ်းပေးရတာလေ။ ကျွန်တော်လည်း အစကတော့ ဘယ်စီးရဲမှာလဲ။ ခပ်တည်တည်နဲ့ တွန်းယူယူသွားရတာ ကြာတော့ ရှက် လာတယ်။ နေ့တိုင်းလည်း မြင်နေရတာဆိုတော့ . . . တစ်ရက်သား . .. စီးချသွားတာပေါ့ဗျာ။ 'ဂီယာ' ကတော့ ဘယ်ပြောင်းရဲမလဲ၊ 'တစ်' ဂီယာနဲ့ ပဲပေါ့။ ဒါနဲ့ ကျွန်တော်လည်း ဆိုင်ကယ်အတိုစီးသွားခဲ့တယ်ဗျာ။ ကိုင်း 'ဂီယာ' ပြောင်းပြီး အမြန်မောင်းလိုက်ဦးမှ ...။

mgyoe.com

mgyoe.com


ဒီလိုနဲ့တစ်ရက် အိုအေစစ်မှာ ကားတစ်စီးလာရပ်တယ်။ မင်းဟာက . . . ကားရပ်တာ ဆန်း သလားကွ၊ ရဟတ်ယာဉ်က ရပ်တယ်ဆိုရင်တော့ ဆန်းသားကွာလို့မငေါက်နဲ့ဦး ဘိုးတော်၊ ကားပွဲစားလုပ်နေတဲ့ (ကို ...) မလာတာ၊ နံပါတ်တော့ ထည့်မရေးတော့ဘူး။ ကားက Mitsubishi Eterna တဲ့။ ပြောကြေးဆို 'ကွက်ပျောက်' ကား။ ရုပ်က ထွက်တယ်။ အက္ခရာက . . . ဒီကာလရဲ့ နောက်ဆုံးပဲ . . .'လ' အက္ခရာ။ ကျွန်တော် သိတယ်လေ။ Artist ဆိုတဲ့ လူတွေဟာ . . . သူများထက် ထူးပြီး နဖူး 'လက်' ပေါက်သူတွေ ဆိုတာ၊ သူများထက် ထူးချင်၊ ဆန်းချင်ကြတယ်။ ဒီကာလတုန်းက . . . ကိုညီထွဋ် (ကိုဇော်ဝင်းထွဋ်) စီးနေတာ . . . Celica ကားကို မှတ်မိဖို့တောင် မလွယ်ဘူး။ အရိုးတွေ၊ အရှိန်သတ်တဲ့အတောင်တွေနဲ့ ပြိုင်ကားလို ... အချွန်တွေ အတက်တွေနဲ့၊ ပြောကြေးဆို 'ကွက်ပျောက်' ပဲ။ ခုလည်း ခင်ဗျားက 'Eterna' ကို သဘောကျနေပြီ။ Misubishi Lancer တို့ Galant တို့ ရှိသားပဲ၊ ခုဟာက ကြားပဲမကြားဘူးပေါင်ဗျာ . . . Eterna တဲ့။ ဒီကားက ရောင်းမထွက်လို့ . . . ခဏခဏ လာထိုးထားတာ။ ရှေ့ပိုင်း 'တိုက်' ထားလို့ Butterfly ပြန် 'ထု' ထားရတယ်ဆိုလားပဲ။ 'ဟေ့ . . . အဲဒီကား ဈေးမေးစမ်းကွာ' ဆိုတော့ . . . ကျွန်တော်က 'မေးရုံ' ပ။ ဒါနဲ့အရောင်း အဝယ် 'တည့်' လေရော။ ဒါဟာ . . . ခင်ဗျားဘဝမှာ ပထမဆုံးသော ကိုယ်ပိုင်ကားပေပဲ။ အနုပညာနဲ့ရတဲ့ကားပေပဲ။ အတောင်ပံတပ်ပေးလိုက် တဲ့ ကားပေပဲ။ ဒီကားနဲ့ခင်ဗျား . . . အံကျပေပဲ။ ဒီမှာတင် မိတ်ဆွေကောင်း ပီသတဲ့ မင်းသားကြီးက . . . သူ့ဒရိုင်ဘာ 'ထွန်းထွန်း' ကို ထည့်ပေးရှာတယ်။ ခင်ဗျား ကားမောင်းကျွမ်းကျင်မှန်းသိပေမယ့် . . သူ့ငွေးဆိုတာ ဘယ်ကလာ ကားမောင်းမှာလဲ၊ စီးရုံပ။ 'ဆင်းရဲဇာတာပါတဲ့' ခင်ဗျားကသာ တစ်ချိန်လုံး မောင်းနေတော့တာ။ ထွန်းထွန်းခမျာ . . . လစာယူဖို့ အားနာတာနဲ့ ထွက်မယ်ချည်းလုပ်နေလို့ . . . ဝိုင်းတားထားရတဲ့အထိပဲ။ အံမယ် . . . ပြောသေး 'ဟေ့ကောင် . . . ငါက အရက်သောက်ပြီးရင် ငါ့ 'အသက်' ကို ဘယ် 'ရှော်ဖာ' ရဲ့ လက်ထဲမှာမှ မထားဘူးကွ၊ ငါ့ကိုယ်ငါပဲ ယုံတယ်။ ငါသောက်ပြီး ငါ့ကားကို ငါပဲ မောင်းမယ်။ ငါ့ကိုယ် . . . ငါ အယုံဆုံး' ဆိုပဲ။ ဘာပြောလို့ရ

mgyoe.com

mgyoe.com


မလဲဗျာ။ ဒီမှာတင် . . . 'ရှော်ဖာ' ဆိုတာ ဘာပါလိမ့်လို့ . . . ကျွန်တော် အကြီးအကျယ်သိချင်မိတယ်။ ဘာတုန်းဟ . . . ဘိုးတော်ပြောတဲ့ ရှော်ဖာ . . . ။ ကားစီးတော့ ကွက်ပျောက်၊ စကားပြောတော့လည်း . . .ကွက်ပျောက်၊ ကားဆရာဆိုရင် Driver၊ လေယာဉ်ပျံဆို Pilot သင်္ဘောဆိုရင် Captain ငါသိတာတော့ ဒါပဲ၊ မေးရင်လည်း အဆဲခံရဦးမယ်။ ပုသိမ်က အင်္ဂလိပ်စာ ဌာနက ကထိက ကိုတူး (ဦးဝင်းမြင့်ဦး)ကို လှမ်းမေးရင်းလည်း 'မင်း ဒါမှမသိရင် ... ခံကွာ၊ ငါမအားဘူး' လုပ်ဦးမှာ။ ဒီလိုနဲ့ နေလာလိုက်ရတာ။ 'ရှော်တယ်' ကတော့ ပုသိမ်ကနေ ပင်လယ်ကိုဆင်းတဲ့ . . . အမြန်ယာဉ်၊ လျှပ်ပြေးယာဉ်၊ ပဲ့ထောင် . . . မဟုတ်သေးပါဘူး ဘိုးတော်။ ဘာတဲ့ ... 'ရှော်ဖာ' နေနှင့်ဦးပေါ့ကွာ။ ဒီလိုနဲ့ သူ့ကိုယ်ပိုင်ကားနဲ့ သူ့အချစ်ဆုံး၊ အမုန်းဆုံး သူငယ်ချင်းဆီသွားကြရော။ ထွန်းထွန်း မပါဘူး၊ ကျွန်တော်နှင့်နှစ်ယောက်တည်း။ ပြောပြီးပါကကော 'ဆင်းရဲဇာတာ' ပါပါတယ်လို့ ဆိုမှ။ သူ့သူငယ်ချင်းနဲ့ ကျွန်တော်နဲ့လည်း အစ်ကိုကြီးတစ်ယောက်လိုပါပဲ။ ပုသိမ်သားတွေရဲ့ 'ဥက္ကဋ္ဌ' ပန်းချီသိပ်တော်သူ၊ သူဌေး၊ Lower 37 Kings, Upper 37 Kings, Middle in သြောင်မင်းဆိုတဲ့ ဘိုးတော်ပ။ အထက် ၃၇ မင်း၊ အောက် ၃၇ မင်း၊ အလယ်မှာ 'သြောင်မင်း' ဆိုတဲ့ ပန်းချီဆရာ၊ ကိုသျှပ်နဲ့ တကယ် ဘက်ညီတဲ့ သူငယ်ချင်း၊ ဒီတုန်းက . . . ကိုအောင်မင်းနေတာ . . . 'ကီလီ' (ဝါးတန်း) မှာ ကျွန်တော်နဲ့ ကိုသျှပ် ရောက်သွားတော့ . . . ကားတစ်စီးတွေ့တယ်။ ကျွန်တော်က ကားတွေ 'ယင်းထ' ဖူးသူဆို တော့ . . 'ကိုအောင်မင်း Ford Escort ကြီးပါလား၊ သံရုံးနဲ့ခင်ဗျားမှာပဲ ရှိမယ် . . . နိပ်တယ်ဗျာ' ဆိုလိုက်တော့ ကိုအောင်မင်းက 'ဟေ့ကောင် ပုသိမ်မှာ ... အောင်မင်းဆိုတာ ငါတစ်ယောက်တည်း။ မြန်မာပြည်သူဌေးတွေ ကြိုက်သလောက် ချမ်းသာ . . . ငါ့လောက် မချမ်းသာဘူး၊ သူတို့က ပိုက်ဆံသာရှိမှာ . . . မင်း . . . ဘယ်ပန်းချီကား Antique ကြည့်ချင်လဲ...၊ ဆရာဆောင်၊ ဆရာမြ၊ ဦးစောမောင် ... အကုန်ရှိတယ်၊ အေး... မကျေနပ်ရင် ကိုယ်တိုင်ရေးနိုင်သူကွ၊ မင်းပြောတဲ့ . . . 'ကား' ကလည်း မြန်မာပြည်မှာ ငါတစ်စီးတည်းပဲ၊ ဟေ့ . . . ဒီမှာ ဒါမှကားကွ ... ဆိုပြီး ... ကားဘောနက်ကို လက်နဲ့ခေါက်ပြပါရော။ သံကကောင်းတာကိုး၊ အင်္ဂလိပ်

mgyoe.com

mgyoe.com


ကားပေကိုး၊ ကင်း တဲက သံချောင်းခေါက်သလိုပဲ။ 'ဒေါင်၊ ဒေါင်' နဲ့ မြည်လို့ဗျာ။ ကိုင်း . . . ကိုအောင်မင်းရဲ့ Ford Escort ကွက်ပျောက်ကားနဲ့ ကိုသျှပ်တို့ တွေ့ပြီ။ ဘိုးတော်က ဘာပြောတယ်မှတ်လဲ.. 'ဟေ့ ကရင်... အောင်မင်း ကားကို ၂ သောင်းဖိုးလောက် တိုက်ပစ်လိုက် စမ်းကွာ၊ အေး . . . ၂ သောင်းဖိုးထက်ကျော်ရင်တော့ . . . မင်းဟာမင်း လျော်' ဆိုပြီး သူ့ကား Eterna သော့ကို ပစ်ပေးရောဗျာ။ 'ဟေ့ ... သူငယ်ချင်း သျှပ်က လေး မင်း ... ငါ့ကားကို .မတိုက်ပါနဲ့ကွာ၊ အဲဒီ နှစ်သောင်းနဲ့ တို့သွား စားကြရအောင်၊ သျှပ်ကလေး . . . ငါဘယ်တော့မှ အရက်မသောက်တာ မင်းသိတယ်နော် . . . ငါက ... ငါ့သူငယ်ချင်းရဲ့... သဒ္ဒါ၊ အသံနဲ့ ရှာလို့ရတာတဲ့ . . . ဖြူဖြူစင်စင်ပိုက်ဆံနဲ့ ကျွေးတာကို စားချင်တာကွာ၊ မင်းသိပါတယ် . . . ငါ အဲဒီ 'ဆိုင်' ပါ ဝယ်နိုင်တယ် ... ကိုင်း သွားကြ ရအောင်။ 'ဆိုင်' ကျမှ တို့စကားတွေ ပြောကြတာပေါ့' ဆိုလို့... ကား "တိုက်ခန်း မရောက်တော့ဘူးပေါ့လေ။ ကိုသျှပ် သွေးအေး သွားတော့မှ ကျွန်တော်က ... ကိုသျှပ်ရာ သူ့ကားနောက်ကို ကိုယ့်ကား ခေါင်းနဲ့ တိုက် တော့ ... ကိုယ်က သူ့ကို လျော်ပေးရမယ့်အပြင်၊ ကိုယ့်ကား ရှေ့က ရှဲလ် တွေ ကုန်ရောပေါ့" ဆိုတော့ ... 'ငါ ဒါတွေမသိဘူး ၂ သောင်းထက် ကျော်ရင် မင်းဟာမင်း လျော်၊ အခုတိုက်ချင်တိုက်'တဲ့။ ခက်ခက်ရချည် ရဲ့ဗျာ။ ဒီကားနဲ့ပဲ ခင်ဗျား မော်လမြိုင်ပြန်တယ်။ ကျွန်တော် မလိုက်ဘူး။ သူငယ်ချင်း ဇော်ဇော်အောင်ဆိုတာ High Way Star ... High Way မောင်း နေတဲ့ 'ဂစ်တာသမား'၊ အေး မင်း . . . ဘိုးတော်ကို ရောက်အောင်ပို့ပါ၊ သူမမောင်းစေနဲ့ . . . မင်းပဲ မောင်း' လို့ ကျွန်တော်က မှာလိုက်တယ်။ ထွန်းထွန်းကတော့ အလကားပိုက်ဆံ မယူချင်ဘူးဆိုပြီး အလုပ်က ထွက်၊ Taxi မောင်းနေပြီလေ။ ပြန်လာတော့ . . . ချက်ချင်းကြားရတော့တာပဲ။ ဇော်ဇော်အောင်ပြောတာ။ 'ငါက လမ်းမှာပဲ မောင်းပေးရတာပေါ့ကွာ၊ သူ့ ကားပဲ မြို့ဝင်တော့ .... သူ့ဟာသူ မောင်းဝင်ချင်မှာပေါ့လေ၊ ငါသိပါတယ်။ ဒါနဲ့ ငါက 'ဇက်' ပေါ်ဆင်းဖို့လုပ်တော့ 'ဟေ့ကောင် . . . ငါမောင်းမယ် ဆိုပြီး . . . မောင်းဆင်းသွားရော၊ အဆင်းတော့ ဘာမှမဖြစ်ဘူး၊ ဟိုဘက်က အတက်မှာ . . 'ကုန်းပေါင်' နဲ့ တိုက်မိပြီး . . . ကားရှေ့က 'ခွေးကာ'

mgyoe.com

mgyoe.com



ပြုတ်ကျရောကွာ'တဲ့။ လေ့အဆင်း၊ မြင်းအတက် . . . ကား 'ဇက်' အဆင်း၊ အတက်မတော် 'ခွေးကာ'ကျ . . . ပေါ့လေ။ မှတ်ကရော . . . 'ခွေးကာ' ပြုတ်ကျရောတဲ့။ 'သူ့အသက်ကို ဘယ်သူ့လက်ထဲမှာမှ မထားချင်သူပေ ကိုး'။ Eterna ရဲ့ 'ခွေးကာ' ကတော့ လစ်တော့။ Eterna နဲ့တော့ . . . စပြီ ... ဇာတ်လမ်း။

ကျွန်တော်တို့ ငယ်ငယ်က 'ရူပဗေဒ' မှာ 'အိနားရှား' ဆိုတာကို သင်ဖူးကြပါလိမ့်မယ်။ 'ရွေ့လျားအိနားရှား' နဲ့ 'ရပ်တည်အိနားရှား' ဆို တာလေ။ သွားနေတဲ့အရာဝတ္ထုက သွားမြဲတိုင်း သွားလိုတယ်၊ ရပ်နေတာ ကလည်း ရပ်မြဲတိုင်း ရပ်နေချင်တယ်။ သွားနေသူက ဗွတ်ရပ်ခိုင်းရင် မီးပွိုင့် နီသွားလို့ အရှိန်နဲ့လာတဲ့ ကားထဲက လူရှေ့ လေကာမှန်နဲ့ ခေါင်းပြေး ဆောင့်တော့တာဖြစ်ဖူးကြမှာပါ။ ဒါဟာ . . . အိနားရှားပါပဲ။ ဟုတ်ပါ တယ်။ 'ဝိစကီ' သောက်သူက . . . 'ဝိစကီ' ပဲ . . . သူ့ကလီစာတွေက လက်ခံတော့မပေါ့။ အရက်က နု၊ အသည်းက နု၊ အူက နု၊ ကျောက်ကပ်က နု။ နုနုငယ်ငယ် ဖြစ်နေတော့တာကိုး။ တစ်ရက်ဗျာ . . . ကိုသျှပ်ရယ်၊ ကျွန်တော်ရယ်၊ ကိုဃကြီး (ဟယ်ရီလင်းရယ်)၊ ထွန်းထွန်း (ခဏပြန် ခေါ်ထားတဲ့ သူပြောပြောနေတဲ့ 'ရှော်ဖာ') ရယ် . . . ၁၉ လမ်းကို သွား ခဲ့ကြတယ်။ ကိုသျှပ်နဲ့ 'ရှော့ခ်တစ္ဆေဃ'တို့က 'အနက်ရောင်ကို ကျော်နီတုတ် ကောက်နဲ့ လမ်းသလား' ပြီးကြပြီ။ ကျွန်တော်ကတော့ ကပ္ပိယတို့ထုံးစံ အာဆွတ်ရုံပ၊ ပြီးတော့ သူ့ကိုယ်လည်း ထိန်းရဦးမှာကိုး။ ကိုသျှပ်က ထ ဖောက်ပါလေရော။ 'ဃ . . . ၁၉ လမ်းမှာ 'တာကောဆိုင်' ရှိတယ် B.E နဲ့ Pepsi သွား ချမယ်။ အဲဒီမှာ 'ကြက်ဆင်သား' လည်းရတယ်။ ခု . . . ခရစ္စမတ်လည်း နီးပြီး 'ကလင်တန်' မှ 'အိမ်ဖြူတော်' မှာ 'ကြက်ဆင်' စားနိုင်တာ မဟုတ်ဘူးဗျ။ ကျုပ်တို့လည်း စားခွင့်ရှိတယ်။ ဟော့ . . . ထွန်းထွန်း ၁၉ လမ်း၊ မောင်းကွာ' ဆိုပြီး ထွက်လာကြတာ။ 'အိနားရှား' ကို ကိုသျှပ် သဘောမပေါက်ချင်ယောင်ဆောင်လိုက်တာပ။ 'စကော့တ လန်စိမ့်ရည်' နဲ့ ချက်တဲ့ အရက်စုံသောက်ထားတဲ့ ကလီစာ . . . ဘယ်ခံနိုင် ရှာမှာတဲ့တုန်း။ အရက်ဖြူ နဲ့ပက်ပစီ . . . မူးတော့တာပေါ့၊ ဇာတိက ပြု လာတော့တာပေါ့။ 'ဟော့ . . . ငါအရက်သောက်ရင် . . . ငါ့အသက်ကို

mgyoe.com

mgyoe.com

. . . ငါယုံတယ်' ဆိုတဲ့ ထုံးစံအတိုင်း သူ့ 'ကြေညာစာတန်း' ကို ရွတ်လာပြီ။ သူကားမောင်းချင်လာပြီ။ ပြောပြီး ပြီကော . . . ဆင်းရဲဇာတာ ပါတယ်လို့။ စီးပါလား ...။ အေးအေးဆေးဆေး။ မဟုတ်ဘူး။ အေးလေ . . . သူ့ကား၊ သူမောင်းတာပဲ။ အချိန်က မနက် (၁) နာရီခွဲလို့ (၂) နာရီနီးပါး၊ ဘာကားမှ မရှိဘူး။ ဓာတ်တိုင်တွေရယ်၊ လမ်းဘေးချ ရပ်ထားတဲ့ ကွန်တိန်နာ (၈) ဘီး၊ (၁၀) ဘီးကားကြီးတွေပဲ ရှိတဲ့ . . . ကမ်းနားလမ်း။ ဒါနဲ့ . . . မောင်းရောဗျို့။ 'ဟာ . . . ငှက်ကြီး ရှေ့မှာ ဓာတ်တိုင်' လို့ ဟယ်ရီလင်းကြီးက ရော့ခ်အသံကြီးနဲ့ အော်ရှာတယ်။ ဒီလိုအော်လေ . . . အဲဒီဓာတ်တိုင်တည့်တည့်ကို မောင်းလေပဲ။ အနားရောက်မှ ဆတ်ခနဲ ပြန်ကွေ့၊ ပြီးတော့ ... တဟားဟားနဲ့။ 'ကိုငှက် ရှေ့မှာ ကွန်တိန်နာကြီး' လို့ ထွန်းထွန်းက အော်တော့။ အဲဒီ (၈) ဘီးကားကြီးဆီ တည့်တည့်မောင်းတယ်။ ပြီးတော့ ပြန်ကွေ့၊ 'အီတာနာ' မအီမသာ ဖြစ်သွားရှာပြီ၊ 'ဒိုင်းခနဲ' ဝင်ဆောင့်တော့တာ။ ညဘက်၊ ဘာရဲမှမရှိ။ ကုန်သွယ်ရေး ဝန်ကြီးရုံး တည့်တည့်မှာဗျာ။ 'ဃ . . . ဃ . . . ဘာမှမဖြစ်ဘူး၊ ဆင်းဆင်း' လို့ ကျွန်တော်က အော်ခေါ်တော့မှ Rock တစ္ဆေကြီး တကယ့်တစ္ဆေအစစ် အဖြစ်တာဆိုပြီး ကုပ်ချောင်းချောင်းနဲ့ ဆင်းလာရှာတယ်။ သူ့သီချင်းလို 'နဂါးငွေ့တန်းထဲ' ရောက်တော့မလို့။ ဘိုးတော်က . . . ကိုသျှပ် ယောင်ဆောင်တယ်။ သူရဲ့မျက်မှန်အထူကြီးဖြုတ်လို့၊ သူ့ကို လူတွေ မမှတ်မိနိုင်ဘူးပေါ့လေ။ ရုပ်ပြောင်း ရုပ်လွှဲဝိဇ္ဇာအထာပေါ့။ ကျွန်တော်က အစောင့်ရဲတွေနဲ့ညှိ၊ ကြက်တန်းမှာ 'ကရိန်းငှား' . . . မရလို့၊ ဒေါ့ဂျစ်တစ်စီးနဲ့ မိုးမလင်းခင် . . . အလုံဆင်မင်းဈေးက ဝပ်ရှော့ကိုဆွဲထုတ်ခဲ့ရတယ်။ ရပ်ထားတဲ့ ကားကြီးကိုသွားတိုက်တာကြတော့ . . . ဘာ . . . အီနားရှားပါလိမ့်။ မဟုတ်မှလွဲရော . . . 'တာကော အီနားရှား' ပဲ ဖြစ်မှာပါ။ ကန်တော်လေးအိမ်က ဝရန်တာမှာ ထွက်မျှော်နေရှာတဲ့ မအေအိုကြီးကတော့ 'ငါတော့ . . . ထင်သားပဲ။ တစ်ခုခု ဖြစ်နေပြီလို့ . . . ခုလောက်ဖြစ်တာ တော်သေးတာပေါ့' တဲ့။ အော် . . . သားဆိုးအမေတတေတောပ။ ကျွန်တော်လည်း ဒါနဲ့ ... ရေကြည်ရာ မြက်နုရာရှာဖို့ ကန်တော်လေး၊ ကျောက် မြောင်းကနေ ထွက်ခဲ့တယ်။ လမ်း ၃၀၊ ၂၁၂၊ သရဖူ၊ ကိုသျှပ် ရောက်ချလာပါလေရော။ 'ဟေ့ ကုရင် .

mgyoe.com

mgyoe.com

. . မင်းတို့မဂ္ဂဇင်းတိုက် အိမ်သာကောင်းလား' တဲ့။ ဒါ သူမေးနေကျ စကားပဲ။ သူ့အတွက်က သိပ်အရေးကြီးတာ 'အိမ်သာ' ပဲ။ Toilet, W/C, Lavatory, Latrine ဘယ်လိုခေါ်ခေါ် အိမ်သာ၊ အဓိကဝါဒသမား။ အိမ်သာ က ကောင်းပဗျာဆိုရင် . . . သူ ပျော်မွေ့ပြီ။ သရဖူမှာ . . .။ 'ဟာ . . . ကိုသျှပ် Exiv နဲ့ပါလား။ 'အေးကွာ ၁၃ သိန်း တောင်းတယ်။ ငါကလည်း ကြိုက်တယ်၊ မဆစ်ဘူး၊ ဝယ်တယ် ဒါပဲ' တဲ့။ သြော် . . . ကျွန်တော့်သူငှေး (သရဖူထုတ်ဝေသူ) က 'ရှားရောင်' Exiv၊ ကိုသျှပ်က အဖြူ။ ခုတစ်ခါတော့ ကိုအောင်မင်း ကားကို ၂ သောင်းဖိုး တိုက်ခိုင်းခဲ့သလို မတိုက်ခိုင်းတော့ဘူး။ သူသဘောပေါက်လာပြီ ထင်တာပဲ။ 'အေး . . . ငါက . . . ကားဆိုတာ . . . ဖိနပ်စီးသလို စီးတာ၊ ကားဆိုတာ . . . ငါ့အတွက် ဖိနပ်စီးတာပဲ။ ငါ သွားချင်တာ သွားဖို့ပဲ' ဆိုပါရောလားဗျာ။ သိတယ်လေ။ ခင်ဗျား . . . မင်းသားကြီး ဦးဝင်းဦးအကြောင်း ခဏခဏပြောတာ။ 'သိပ်မိုက်တဲ့ ဘိုးတော်ကွ'... သူစီးချင်တော့ Sunbee ပြိုင်ကားကို ဈေးမဆစ်ဘဲ ဝယ် တယ်။ ရန်ကုန်မှာ သောက်နေရင်း . . . ပျင်းလာလို့ သူ့တပည့်ကို ဆီထည့် ခိုင်းပြီး မန္တလေးကို ချက်ချင်းမောင်းသွားတာ၊ စိတ်သွားတိုင်း ကိုယ်ပါ ဆိုတာ ဒါမျိုးကွ' လို့ ခင်ဗျား ခဏခဏပြောတာနော်။ အင်းလေ . . . Curfew ကလည်း မရှိ။ ဆီကလည်း အဆင့်သင့်ဝယ်လို့ ရလို့သာပ။ ခင်ဗျားလည်း ခင်ဗျား 'ဂျပန်ဖိနပ်' နဲ့ ပုသိမ်ပြန်၊ ကော်ရည်သောက် . . . ဂစ်တာတီး၊ အရက်သောက် လုပ်သေးတယ်ဆိုပဲ။ ကောင်းပဗျာ။ ခုတော့ . . . ခင်ဗျား . . .သံသရာရှည်ကြီးမှာ 'ရှော်ဖာ' ဖြစ်နေပြီလား။ သူများ မောင်းတာကိုပဲ . . . သူဌေးပီပီ အခန့်သားစီးနေပြီလား။ ဒါပဲနော် . . . 'မာတလိ' လို 'ဝိသကြုံ' တို့ မောင်းတာ . . . 'ထွန်းထွန်း' တို့ 'ကိုဝင်းထွဋ်' တို့ 'အောင်ရင်' တို့ မောင်းတာမဟုတ်ဘူး။ ငါ့အသက်၊ ငါ့လက်ထဲပဲ ထားမယ်ဆိုပြီး သွားမလုပ်နဲ့ဦး။ လုပ်ချင်ရင်လည်း ကျုပ်လာတော့မှသာ လုပ်။ ခင်ဗျားသူငယ်ချင်း ပန်းချီဆရာ ကိုအောင်မင်းကတော့ အပြတ်ပဲ။ တစ်ခါသား ကိုအောင်မင်းနဲ့ ကျွန်တော် သူ့ကားနဲ့ သွားနေတုန်း . . . မိုင်နှုန်းပြဒိုင်ခွက်ကို ကြည့်လိုက်တော့ ကီလို (၆၀) ကျော်နေတာ တွေ့ တယ်။ ကီလို (၆၀) ဆိုတော့ ... မသာကာရှိလှမှ မိုင် (၄၀) သာသာ

mgyoe.com

mgyoe.com

ပေါ့လေ။ ဒီမှာတင် ... ကိုအောင်မင်းက သူ့ဒရိုင်ဘာကို 'ဟော့ကောင် ငါ အရင်မလိုဘူး၊ မင်းကီလို (၆၀) ထက် ဆက်ကျော်ရင် ရပ်တော့၊ ငါ ဆင်းမယ်' လုပ်တာ။ အဲသည်လောက် သူ့ အသက်ကို နှမြောတဲ့ပုဂ္ဂိုလ်။ ဘာထူးလဲ။ 'ကိုမြင့်မိုးလည်း သူ့ဒရိုင်ဘာ . . . အင်း . . . ခင်ဗျားခေါ်သလို 'ရှော်ဖာ' နဲ့ တကျက်ကျက်'၊ ကားမောင်းတာ မြန်လို့တဲ့ဗျာ။ အော် . . . ကိုသျှပ် ကိုသျှပ်၊ ခင်ဗျား ကျောက်မြောင်းမှာနေတုန်းက မမြင်မစမ်းနဲ့ရပ်ထားတဲ့ 'မာဆေးဒါး' အသစ်ကြီး ဘေးတစ်ခြမ်းကို အသားလွတ်ဝင်ချိတ်မိလို့ လျော်လိုက်ရသေးဆို။ တော်သေးတာပေါ့။ ဟိုလူကလည်း ခင်ဗျားလို . . . ကားကို 'ဖိနပ်' လို သဘောထားပေလို့။ မဟုတ်လို့ကတော့ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး၊ လွတ်လွတ်ကင်းကင်း ရပ်ထားတဲ့ကားကို ခင်ဗျားဘာသာ Parking လုပ် ရင်း တိုက်တိုက်၊ ကိုအောင်မင်း ကားလို ၂ သောင်းဖိုးလောက် လျော်ချင်လို့ပဲတိုက်တိုက်၊ (၈) ဘီးကားကို ပျော်လို့ပဲ တိုက်တိုက် . . . ကျုပ်ကား မှာ ဘာအပြစ်မှ မရှိဘူး။ ဒီတော့. . . ဘော်ဒီပြန်ထုတာ လက်မခံဘူး။ အသစ်သာဝယ်ပေး . . . (Mecedes 250 SL ကြီးနော်) . . . ဆိုရင် ခင်ဗျား ချောက်ကျဖို့ပဲ။ အင်းလေ ... ခင်ဗျားက ကိုသျှပ် (ဝါ) ထူးအိမ်သင် ဖြစ်နေလို့သာပ။

High Way Stars ထဲက ကားကတော့ ဆလင်ဒါ (၈) လုံးနဲ့နော်။ ခု . . . ခင်ဗျား ခု ဘယ်'ဖိနပ်' စီးနေသလဲဟင်။ 'ရှော်ဖာ' ရောရှိရဲ့လား။ ကြည့်လည်းလုပ်ဦး ဘိုးတော် . . . 'အရှေ့လေ (ထုံဖုန်း:)' နဲ့မိမှ အင်ဂျင်အလုံးလိုက် ချနေရမယ်။ အော် . . . ခုမှ ခင်ဗျား 'လစ်' တော့မှ . . . 'ရှော်ဖာ' ဆိုတာကို ကျွန်တော် အတင်းအဓမ္မ လိုက်ရှာမိတော့တာကလား။ ခင်ဗျားက ... စောပါတယ် ကိုသျှပ်ရယ်။ ခင်ဗျားက . . . 'ပိုင်အိုးနီးယား' ပါပဲ။ Chauffeur လူကြီး ယာဉ်မောင်း၊ သူဌေး၏ ယာဉ်မောင်း ... တဲ့ဗျာ။ အင်းလေ... Roll Royce ဆိုတာ ပိုက်ဆံရှိတိုင်း ဝယ်လို့မရတဲ့ကား။ ဒါမျိုးကားကြီးတွေ မောင်းတဲ့ လူကိုခေါ်တာနေမှာပေါ့။ ဂုဏ်သိက္ခာကို ကြည့်ပြီး စိတ်ကျေနပ်မှ ထုတ်လုပ်ပေးတဲ့ကား။ ခုခေတ်စားနေတဲ့ ... 'အရှေ့လေ' မဟုတ်ဘူး ဘိုးတော်။ ခက်တာက . . . ခင်ဗျားကိုယ်တိုင် 'Chauffeur' ဖြစ်နေတာက ဆိုးတယ်ဗျာ။ ဘယ့်နှယ်ဗျာ . . . 'ဖိနပ်' ဆိုရင်. . .
mgyoe.com

mgyoe.com


စီးပေါ့။ ဘာလို့ ကိုယ်က 'ဖိနပ်' ဖြစ်ချင်ရတာလဲ။ တစ်ခါတစ်ခါ . . . ခင်ဗျား ရန်ကုန်ကန်တော်ကြီးပတ် လမ်းကို ပျင်းလို့ ပြောင်းပြန်မောင်းခဲ့သလို . . . စိတ်တွေကိုလည်း ပြောင်းပြန် အီနားရှား လုပ်ကြည့်ပါဦး။ ကိုယ့်အသက်၊ သူကာကွယ်နိုင်တယ်။ ငါက သူဌေး၊ အနုပညာရှင်၊ ကီလို (၆၀) ကျော်ရင် ရပ်ခိုင်းမယ်...။ ဒါဆို ဘယ်လောက်သက်သာသလဲ။ အင်း ဗျာ . . . လူတွေက ဆင်းရဲဇာတာပါရင် မရပါဘူး ကိုသျှပ်ရာ။ ကျွန်တော် သိနေပါတယ်။ 'မာတလိ' က စီးလို့ ခင်ဗျားက မောင်းလို့ . . .။ ဒီတစ်ခါ . . . 'နတ်ပြည်'မှာ . . . ကိုသြောင်မင်း (ပန်းချီသြောင်မင်း' နဲ့ ဆုံလို့ကတော့ ဒေါ်လာ . . . (၄) သောင်းဖိုးလောက် လျှော်ပစ်လိုက်မယ်ဗျာ။ တိုက်သာ တိုက်ပစ်လိုက်။ ဒါပဲနော် . . . ကျွန်တော့်ကို စောင့်နေ။ 'Chauffeur' ခေါ်ခဲ့မယ်။ Good bye ဗျာ။ ဟော့ လူ . . . High Way Star လည်း ထ မဆိုနဲ့ဦး။ ခင်ဗျားအသံနဲ့ မလိုက်ဘူးဗျ။ ခင်ဗျားက ဒါမျိုး 'အကန်' တွေ လုပ်တတ်လွန်းလို့ ပြောရတာ။

❑

mgyoe.com

mgyoe.com

# ကျားကစားတဲ့ မိုးတိမ်

ဘိုးတော် . . . ကျွန်တော် ဒီနှစ်သင်္ကြန် ပုသိမ်အိမ်ပြန်ရောက်တော့ အထုပ်တစ်ထုပ်တည်း စုထည့်ထားတဲ့ ကျွန်တော့်စာအုပ်တွေကို ပြန်စီ၊ ပြန်ထပ် ဖုန်ခါပြီး လိုတာတွေ ပြန်ယူလာခဲ့တယ်ဗျာ။ အေး ... မင်းစာအုပ် မင်းယူလာတာ ငါ့အလုပ်လားဆိုပြီး ဝေါက်ဦးတော့မှာပဲ။ ဝေါက်ချင်လည်း ဝေါက် ခင်ဗျားတကယ် ဝေါက်ဝံ့တာ ကျုပ်တစ်ယောက်တည်းရှိတာက လား။ အဲဒီမှာ ခင်ဗျားပေးထားတဲ့ စာအုပ်တစ်အုပ် ပြန်ယူလာခဲ့တယ်။ Vladimir Mayakovsky,-Poems လေဗျာ။ 'မာယာကော့ဖ်စကီး' ရဲ့ ကဗျာများပေါ့လေ။ ကျွန်တော် ဆေးတက္ကသိုလ် မဂ္ဂဇင်းတစ်ခု (၁၉၈၀ ပြည့်လွန်ကာလ) မှာ တွေ့လို့ လက်ရေးနဲ့ လိုက်ကူးထားခဲ့ဖူးတဲ့ ဆရာမောင်သာနိုး ဘာသာပြန်ခဲ့တဲ့ 'ဘောင်းဘီဝတ်မိုးတိမ်' ကဗျာကြီးပါတဲ့ စာအုပ်ပေါ့ဗျာ။ ကျွန်တော့်ကို ဆေးတက္ကသိုလ်မဂ္ဂဇင်းပေးခဲ့သူက ကိုမင်းဆန်း (မင်းထက်မောင်) ဗျ။ ထားပါ ... ခင်ဗျားက ဒီလို မှတ်တမ်းပြုထားသဗျာ။ ကျော်မြင့်လွင်၊ (၂၅) စံရိပ်ငြိမ် (၆) လမ်း၊ ကမာရွတ်၊ ၄ ကျပ်၊ အင်္ဂါနေ့၊ ၂ ရက်၊ မတ်လ ၁၉၈၂ ခုနှစ်တဲ့။ ဆိုတော့ ... ကျွန်တော် (၁၈) ဘိုကနောင်လမ်း၊ ပုသိမ်မြို့မှာ ဒီစာအုပ်ကို ပြန်တွေ့တာ။ ဧပြီ ၁၂၊ ၂၀၁၁ ... ဆိုတော့

mgyoe.com

mgyoe.com


.... ကြာခဲ့ပြီပဲဗျာ။

You won't stop me.
Whether I'm wrong or right
I can't be calmer and don't think I ought to.
P.109
Cloud in Pants

ကိုသျှပ်... အဲဒီဘောင်းဘီဝတ်ထားတဲ့ မိုးတိမ်ဟာ ခင်ဗျားမှ ခင်ဗျား အစစ်ပဲ။ ခင်ဗျား ဒါကြောင့် မာယာကော့(ဖ်)စကီးကို ကြိုက်တာကိုး။

ငါ့ကို ရပ်တန့်အောင် မလုပ်ကြနဲ့၊
မှားချင်လည်း မှားမယ်
မှန်ချင်လည်း မှန်မယ်
ကျုပ်ငြိမ်ငြိမ်လေးနေဖို့တော့ မတတ်နိုင်ဘူး၊

သိပ်ဟုတ်တာပေါ့ ကိုသျှပ်ရယ် . . .။ ခင်ဗျားဟာ 'မိုးတိမ်' ပဲ။ ဒါပေမဲ့ ဘောင်းဘီ ဝတ်ထားခဲ့ပေါ့။ ဒါ စာအုပ်ထဲကအတိုင်း ခင်ဗျားနေပြ၊ ကပြသွားတဲ့ ပြဇာတ်ပဲဗျာ။ ရေးရဦးမယ်ဗျာ။ ကျွန်တော် ဒီကာလတောက်လျှောက် ဒိုင်ယာရီမပြတ် ရေးခဲ့ဖူးတယ်။ ၁၉၈၈ အထိပေါ့လေ။ အဲဒါ ၁၉၈၅ ပန်းရိုးမ၊ ဒိုင်ယာရီစာအုပ်လေး ပြန်ရခဲ့တယ်။ 'မိုးတိမ်ထဲ ပန်းတွေ ရိုးမတောင်လို ပွင့်ခဲ့တယ်' လို့ ရေးရင် ကဗျာမပီစာမပြည် (မည်)မို့ ခင်ဗျားက ဆဲဦးမှာပဲ။ ဒိုင်ယာရီရဲ့အဖွင့်မှာ ကျွန်တော့်ဘဝမှာ ပထမဆုံး စာမေးပွဲ ရှုံးခြင်း အထိမ်းအမှတ်အဖြစ် အော်တိုရေးပေးတာတွေ ပြန်ဖတ်ရတာပါဗျာ။ အဲဒါ ၁၉၈၄–၈၅ ပေါ့လေ။ ကျွန်တော်တို့ဆရာ ညီအစ်ကိုလို ပေါင်းခဲ့တဲ့ ဦးသန်းထွဋ် (ကိုဖိုးရီ)၊ မော်ကွန်းထိန်း (၁) အငြိမ်းစားက . .

"လူဆိုတာ ငိုပြီးမှ ရယ်ရတယ်ဟေ့ သန်းထွဋ်" လို့ ရေးခဲ့တာကို ခင်ဗျားက "လူဆိုတာ ရယ်ပြီးရင်လည်း ငိုရတယ်ဟေ့ သျှပ် ၃–၂–၈၅" လို့ ပြန်ရေးတာကို တွေ့ရတယ်။ ပြီးတော့ ခင်ဗျားနဲ့ 'ငုဝါ' တီးဝိုင်းမှာ ဂီတာတီးဖက်၊ အခု ပုသိမ်တက္ကသိုလ် အင်္ဂလိပ်စာဌာနက ကထိက ဦးဝင်းမြင့်ဦးက "လူဆိုတာ ရယ်နေရင်းလည်း ငိုရတယ်ဟေ့" လို့ ထပ်လုပ်ခဲ့ပြန်ပါရောလား။ ဟော အခု ဧရာဝတီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဌာနမှာ

mgyoe.com

mgyoe.com


ဦးစီးအရာရှိဖြစ်နေတဲ့ ကျွန်တော်တို့ ခင်ဖျားတို့နဲ့ သူငယ်ချင်း၊ ဂစ်တာတီး ဖော် ... အောင်သူ (ဦးအောင်သူဦး) က "ကြွက်နီ . . . ငါလည်း ဆယ်တန်း ကို ခဏခဏကျတယ်၊ စာမေးပွဲကျတာ မဆန်းဘူးကွလို့ ရေးခဲ့တာကို ခင်ဖျားက ... 'ငါကတော့ ၁၀ တန်းကို တစ်နှစ်တည်းနဲ့ အောင်တယ်၊ တော်တာကိုး' သျှပ်လို့ လုပ်ပြန်ပါရောလား။ ဒိုင်ယာရီမှာ ပါတဲ့အတိုင်း ရက်စွဲတွေက ယောက်ယက်ကို ခတ်လို့ဗျာ။

ဘီယာဖြစ်သွားသော သီချင်းများ၊ မင်းထက်မောင် ၇-၁၂-၁၉၈၄ ဆိုတဲ့ လက်မှတ်အောက်မှာ ဝိုင်းဆဲထားတာ ခင်ဖျားတောင် ချန်ပီယံ စွန့် လိုက်ရရောမဟုတ်လား။ အဲဒီနေ့က ခင်ဖျားသီချင်းတွေ အောင်တင်ဦးနဲ့ မောင်ဝိုင်းတို့ ညီအစ်ကိုကို ပထမဆုံးရောင်းလိုက်ရလို့ ရတဲ့ ခင်ဖျားဘဝ အတွက် သီချင်းနဲ့ရတဲ့ အနုပညာကြေးနဲ့ သူငယ်ချင်းတွေကို 'သီတာဦး' မှာ ပိုက်ဆံအကုန်အကုန်အောင် ဘီယာတိုက်ခဲ့တဲ့နေ့ပေါ့။ ဒိုင်ယာရီမှာ တွေ့တာက... သင်္ဂါရရွာ၊ ဂျက်ဆင်ထိပ်က လရိပ်ပြာ၊ အခါလွန်မိုး၊ နာရီ ပေါ်က မျက်ရည်စက်များ... သီချင်းလေးပုဒ်ကို ကျပ် ၁၀၀၀ နဲ့ ရောင်း လိုက်ရလို့တဲ့။ ဘိုးတော် . . . ဒီတုန်းက ဘီယာတစ်လုံးမှ ၈ ကျပ်၊ ရမ် တစ်ပက် ၄ ကျပ် ၄၀ ပြား၊ မော့ဝီစကီ ၅ ကျပ် ပြား ၅၀၊ ကျပ် ၁၀၀၀ ဆိုတာ နည်းတဲ့ ပိုက်ဆံမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဖျားက ဒီကိစ္စမှာ ရှင်း တယ်။ ရှိရင်အပြတ်ရှင်းတယ်။ မရှိတော့ ဖြစ်သလို နေတယ်။ ဘာမှ နေ့ဖို့ ညစာမချန်တတ်ဘူး။ အဲဒီနေ့က အောင်အောင် (ပထန်ကြီး) မန္တလေးဘီ ယာ သောက်လိုက်တာ ဘယ်နှလုံးမှန်း မသိတော့ဘဲ ဝီစကီရော၊ ဂျင်တွေ ရော အကုန်ရောပြီး ဒီကောင့်ကို ကျွန်တော်က တွဲပြီး ပြန်ပို့လိုက်ရလို့ မူး တာတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူးဗျာ။ အဲဒီနေ့က ကိုသျှပ်တို့ ပြည်တော်သာအုပ်စုက ခရီးဆက်ကြသေးတယ်ဆိုတာပဲ သတင်းရတော့ သဗျာ။

နောက်တစ်ခါတော့ ခင်ဖျားက သျှပ် မဟုတ်တော့ဘူး။ 'ငှက်' ဆိုတာ ဖြစ်နေပြီ။ ကျွန်တော်က ခင်ဖျားနဲ့ နေတဲ့ကာလ။ ဒိုင်ယာ ၂ မရေးတော့ဘူး။ ကဗျာဆရာတွေ ပြောကြသလို ရင်ဘတ်နဲ့မှတ်မိနေတဲ့ ကာလပေါ့လေ။

mgyoe.com

mgyoe.com


တစ်ရက်တော့ မန္တလေးက သီချင်းရေးဆရာ လူငယ်တစ်ခု ရောက်ချလာတယ်။ 'ဆမ်ဆမ်' ရဲ့ All Band က လူတွေ။ ကိုရွှေ (ရွှေဂျော်ဂျော်)၊ ဇော်လတ် (ဒေါက်တာမောင်မောင်ဇော်လတ်)၊ ဆမ်ဆမ်၊ နောက် ပါကြပါသေးတယ်။ အဲဒါနဲ့ တစ်ညနေတော့ သူတို့ မန္တလေးအဖွဲ့ကို ခင်ဗျားက Dinner ပေးမယ်ဆိုပြီး ဒီတုန်းက Joy ပေါ့၊ နားအေးပါးအေး Joy ကို သွားကြတယ်လေဗျာ။ နွေးနွေးထွေးထွေးပါပဲ။ တောင့်တောင့်ကြီး မဖြစ်ကြပါဘူး။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကြပြီးလို့ စားစရာ သောက်စရာ မှာဖို့ 'Menu' လုပ်တော့မှ ခွကျတော့တာ။ ဧည့်သည်တွေ အကုန်မှာကြပြီးမှ 'ကရင်ဘာလဲ' လို့လည်း လုပ်ရော ကျွန်တော်က 'ဆန်ဆီချက်' လို့ ပြောလိုက်တယ်လေ။ ဟုတ်တယ် ဘိုးတော်ရာ ... အဲဒီအချိန်မှာ ဒါပဲ ချင်ခြင်း ဖြစ်တာဗျာ။ ဒီမှာတင် ဆဲလိုက်တာ၊ ရွာရုံတင်မဟုတ်ဘူး။ မိုးကောင်းကင်ကြီး ပြိုကျသွားတဲ့အတိုင်းပဲဗျာ။

မန္တလေးသားတွေလည်း ပုဆိုးကျွတ်ကျတဲ့ မိုးတိမ်တွေဖြစ်၊ မေဃဒူတ မိုးတိမ်တမန်က ရွာချလိုက်တဲ့ ဖရုဿဝါစာ မိုးတွေပေါ့ဗျာ။ ခင်ဗျား စိတ်ပြေတော့မှ ခင်ဗျားရဲ့စိတ်အခက်အခဲကို ပြောခဲ့တယ်နော်။

'မင်း . . . ဆီချက်စားချင်ရင် ၁၉ လမ်းမှာ သွားစားရောပေါ့ကွာ၊ ခုဟာက ဧရာမစားသောက်ဆိုင်ကြီးထဲ မင်းက အရွဲ့တိုက်သလိုလို . . . မစားဖူး၊ မသောက်ဖူးတော့သလိုလိုလုပ်တော့ ဧည့်သည်တွေရှေ့ ငါမျက်နှာပျက်ရတာပေါ့' တဲ့။ ဟုတ်ပ။ ကျုပ်လည်း ခုထက်ထိ အဲဒါမျိုး အဖြစ်မခံတော့ဘူးဗျို့။ ခင်ဗျားနေတဲ့ 'နတ်ပြည်' ရောက်ရင် ကျွန်တော် 'နတ်သုဒ္ဓါ' ပဲ မှာစားမှာပါ။ 'ဆန်ကော်ရည်' ဝက်တစ်ပွဲလို့ မလုပ်တော့ပါဘူး။ တော်ကြာ ခင်ဗျားက မဆဲဘဲ သိကြားမင်းက Fuck your mother fellow ဆိုမှ ချောက်ကျမှာ။

အင်းလေ . . . နတ်တွေရော ဆဲတတ်သလား ဘိုးတော်။

တစ်ခါလည်း မှတ်မိသေးတယ်။ ဗိုလ်ချုပ်ကြေးရုပ်နောက်က ဆိုင်မှာဖြစ်ခဲ့တာ။ ခင်ဗျားရယ်၊ ကိုမိုက်တီးရယ်၊ ကျွန်တော်ရယ် သုံးယောက်၊ Black Label က တစ်လီတာ တစ်လုံး၊ ပင်လယ်စာအမြည်းတွေက ဘင်္ဂလားပင်လယ်အော် တစ်ခုလုံးစာလောက် ရှိတယ်။ ဘယ်ကုန်မှာတုံး။

mgyoe.com

mgyoe.com


ဒီနေရာမှာတော့ အရိုး (ခင်ဗျားအမေနဲ့ ကျွန်တော်က တစ်သဘော တည်းပဲ) က 'ကြွက်နီ . . . ဆိုင်တွေမှာ မှာစားပြီး မကုန်ရင် Packing ထုပ်လာခဲ့နော်' တဲ့။

ဒါအမှန်ဗျ ကိုသျှပ်။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်မှာစားတာ ဘာမှရှက်စရာ သိက္ခာကျစရာ မရှိဘူး။ အေးလေ ... ခင်ဗျားက 'လစ်' နှင့်တော့ ကျုပ်တို့ မြန်မာပြည်က ဂုဏ်ထူးဆောင် အသည်းပါမောက္ခဆရာကြီး ဒေါက်တာ ခင်မောင်ဝင်း ရေးတာ မဖတ်လိုက်လို့သာပဲ။ ဆရာကြီးနဲ့ သူ့သမီးတို့ စကာပူက ဆိုင်ကြီးတစ်ဆိုင်မှာ မှာစားကြရင်း မကုန်နိုင်တော့လို့ ဆရာကြီး က ထုပ်ခိုင်းတာကို သူ့သမီးက အောက်တယ်၊ ရှက်စရာကြီးဆိုပြီး လုပ်လို့ ဆရာကြီးက ရှင်းပြတာကို ရေးထားတာ။ ဒါဘာမှရှက်စရာမရှိဘူး၊ ဘာမှ သိက္ခာကျစရာမဟုတ်ဘူးဆိုတဲ့ အကြောင်းလေ။ တစ်လောကပဲ ကျွန်တော် တို့ ဓာတုဗေဒက ဆရာကြီး ဒေါက်တာခင်မောင်ညိုက ကျွန်တော့်ကို ပြော ခဲ့တယ်။ 'ကိုယ် . . . အမေရိကားမှာ စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်စား တော့ ကြည့်မိတာမှာ မောင်ရင့်ကို သိရတယ်ကွာ' တဲ့။

ဒီမှာ အမေရိကားမှာ Packing ထုပ် မယူလာရင် ခေတ်မမီဘူး။ အလကားကောင်ပဲတဲ့။ ကျွန်တော် ဘာမှ မပြောဘူးနော် ကိုသျှပ်။ ဒေါက် တာခင်မောင်ဝင်းနဲ့ ဒေါက်တာ ခင်မောင်ညိုတို့ ပြောပြကြတာ။

ခုကိစ္စ ဆက်ရဦးမယ်။ အဲဒီဆိုင် (ခုတော့ မရှိတော့ဘူး) မှာ စားကြ သောက်ကြရင်း ပြန်ဖို့လုပ်တော့ ကျွန်တော်က စားပွဲထိုးလေးတစ်ယောက် ကို 'ညီလေး ... ဒါလေးတွေ တူတာတူတာ စုပြီး ထုပ်ပေးပါကွာ' လုပ်လိုက် တော့ ကောင်လေးက အထုပ်လေး ၅ ထုပ်လောက် လာပို့ပါတယ်။

ဒါကို ခင်ဗျားက 'မင်း ငါ့ကို သောက်ရှက်ခွဲတာလား၊ မှာစားလို့ မကုန်၊ ထားခဲ့ရောပေါ့ကွ၊ စားချင်တဲ့လူစား၊ သွန်ချင်သွန်ပစ်၊ ခုဟာက အိမ်ကို ထုပ်ယူသွားတယ်ဆိုတော့ ဟာ . . . ဆဲလိုက်တာ မအေရော၊ နှမ ရော ဝက်ဝက်ကို ကွဲခဲ့ပါရောလား ဘိုးတော်။ အေးဗျာ ဒါတွေ မရေးချင် ပါဘူး။ ဒါပေမဲ့ ခု . . . ဒါတွေက ပြန်လုပ်မှ မရတော့တာ။

ခင်ဗျားကတော့ တကယ့် 'မိုးတိမ်' ပါပဲ။ ခင်ဗျား လုပ်ချင်တာ၊ လုပ်စရာရှိတာ၊ လုပ်နိုင်တာ၊ လုပ်ခွင့်ရှိတာ၊ အကုန်လုပ်သွားသူပါပဲ။ ဒီလို

mgyoe.com

mgyoe.com

ဆိုတော့လည်း ထိုက်တန်ပါတယ် ကိုသျှပ်။ ဒီစာရဲ့ နောက်ဆုံးမှာ ဖော်ပြချင်တာကတော့ ငြိမ်ငြိမ်နေပြီး ငြိမ်ငြိမ် မလုပ်တတ်တဲ့ ခင်ဗျား သိပ်ကြိုက်တဲ့ ဒဿနစာလေးတစ်ခုကိုပါပဲ။

မှားချင်မှားမယ်၊ မှန်ချင်မှန်မယ်။

ဒါပေမဲ့ ကျုပ်ငြိမ်ငြိမ်နေဖို့ မတတ်နိုင်ဘူးဆိုတဲ့ ကဗျာလိုပါပဲလေ။ ကျွန်တော် စာမေးပွဲ နောက်ထပ်တစ်ခါကျတုန်းက ခင်ဗျား ရေးပေးခဲ့တာလေ။

ဘဝဆိုတာ ကျားကွက်ကစားသလို
တက်စရာ တစ်ကွက်တည်း ရှိရင်ကောင်းမယ်
အဲဒီ တက်ရတဲ့ တစ်ကွက်အတွက်
ကိုယ့်အမှားမပါသလို ဝမ်းနည်းစရာလည်း မရှိဘူး
မောင်ဘ (ကိုယ်စား)
သျှပ်ဆိုတာပါပဲဗျာ။

အဲဒီ 'မောင်ဘ' ဆိုတာ ခု ဘိုးတော်ရဲ့ တေးရေးဆရာ မြင့်မိုးအောင်ပါပဲ စာဖတ်သူ။ ကိုင်း . . . ကိုသျှပ်ရေ ... နတ်ပြည်မှာ ငြိမ်ငြိမ်မနေနိုင်ရင် ဘီယာဘားတွေ သွား၊ ဆီချက်စား၊ ပါကင်ရဲရဲထုပ်၊ ကျုပ်လာမှ ဆန်ကော်ရည်ဝက် ပုသိမ်က ဝယ်ခဲ့မယ်။ အေးဗျာ . . . ခုမှပဲ ဆဲမယ့်သူ မရှိတာကို လွမ်းရကောင်းမှန်း သိလာတယ်ဗျာ။

□

mgyoe.com

mgyoe.com

# ကိုသစ်မင်းအတွက် 'Money' ဘိုးတော်အတွက်တော့ ရေ

(၁)

၆–၆–၂၀၀၂ နံနက်ခင်း ၅း၀၀ နာရီ

ဘိုးတော် . . .

ခင်ဗျားကို 'ငွေ' နောက်လိုက်ခိုင်းတဲ့ 'ပါးနပ်တဲ့တြိဂံ' တစ်ခု၊ 'ဖီးနစ်' မဟုတ်ပေမယ့် 'တေးမြို့ငှက်'၊ 'ငှက်ဥယျာဉ်လေး' တစ်ခု အခန်းကျဉ်းကျဉ်း လေးထဲမှာ ထည့်သွင်းထားခဲ့တဲ့။ 'အနီးဆုံးလူ' တစ်ယောက်၊ ခင်ဗျားတို့ ရပ်ကွက်၊ နတ်ပြည်ထဲ ရောက်လာပြီဗျ၊ အဲဒါ . . . ဒီဘိုးတော်ကို ခင်ဗျား ကားနဲ့ အဲ... နတ်ရထားနဲ့ ကြိုလိုက်ပါဦးဗျာ . . .

(၂)

၅–၆–၂၀၀၂ နံနက် ၆း၀၀ နာရီ

'ဟဲလို . . .'

'အေး . . . ကြွက်နီရေ၊ ကိုဇော်သစ်ပါ . . . ဒီည ၈း၅၀ နာရီက ကိုသစ်မင်း ဘန်ကောက်မှာ လစ်သွားပြီကွာ'

'ဟုတ်ကဲ့ . . . အသစ်၊ ကျွန်တော် Living Song မှာလုပ်ထားတဲ့ အင်တာဗျူးကို ပြန်ရှာထားပါတယ်။ ကိုမြင့်မိုးက ကျွန်တော့်ကို ပြောထား တာလေ'

mgyoe.com

mgyoe.com


'အေး . . . ဒါပဲနော်'

(၃)

ရက်စွဲမမှတ်မိတော့ . . .

'ဟဲလို . . . ကြွက်နီလား'

'ဟုတ်ကဲ့ . . . အသစ်၊ ပြော'

'မောင်ရင့်ကို . . . ငှက်ကြီးက မှာလိုက်တယ်၊ ညနေ I.B.C မှာလုပ်မယ့် Live Show ကို ဆက်ဆက်လာခဲ့ပါတဲ့၊ မောင်ရင့်ကို 'ကျား' ဘီယာ ကျွေးမယ်'

'ဟောဗျာ . . . ဘိုးတော်ဘာဖြစ်ပြန်ပြီလဲ၊ ဘီယာက အလုပ်ရှုပ်တယ် အသစ်ရဲ့'

'ကိုယ် . . . ဒါတွေ မသိဘူး၊ မောင်ရင့် ဘိုးတော်က မှာတာနော်'

'ဟုတ်ပြီဗျာ . . . စိတ်ချ၊ လာခဲ့မယ်'

ကျွန်တော် ဒီကာလတုန်းက 'ဂီတကမ္ဘာဂျာနယ်' မှာ ဝိုင်းဖွဲ့နေချိန် ပါ။ ဂျာနယ်တိုက်မှာ ဒီကာလမှာ နောက်ဆုံးပေါ်လို့ ဆိုရမယ့် Cannon G5 ကင်မရာအသစ်ကလည်း ရှိချိန်ပေါ့လေ။ အဲဒါနဲ့ ညနေ I.B.C ရဲ့ နားနေခန်းတစ်ခုထဲမှာ ဘိုးတော်၊ မိသွယ်နဲ့ နန့်မေချစ် (မိကွန်ထောကို ကျွန်တော်က နန့်မေချစ်လို့ ခေါ်ပါတယ်) တို့ကို တွေ့ပါတယ်။ ထုံးစံ အတိုင်း မှတ်တမ်းဓာတ်ပုံတွေ အားရပါးရ ရိုက်ခဲ့တာပေါ့။ မိသွယ်တို့ အပြင်ထွက်သွားမှ 'ကျား' ဘီယာနှစ်လုံးအပြင်က ရောက်လာတော့တယ်။

'ကိုသျှပ် . . . ဘာဖြစ်လို့လဲ၊ နတ်လား . . . လူလား'

'မင်းအမေ . . . ဒီမှာ သစ်ခက်ကလေးစိုက်ပြီး ပြည်တည်နေတာ မတွေ့ဘူးလား'

'ခင်ဗျားဟာက . . . ကျားကြီးဗျာ၊ ကျားကြီး ခြေရာကြီးတာပေါ့ဗျာ၊ ကိုအောင်မြတ်ပြောသလို ဝီစကီနဲ့ ကုတ်ဆို ဟုတ်သေး'

'အလုပ်ရှိသေးတယ်ကွ၊ မင်းကို . . . ငါခေါ်တာ သီချင်းတစ်ပုဒ် ပြန်ရေးခိုင်းမလို့'

'ဟောဗျာ . . .'

mgyoe.com

mgyoe.com


(၄)

စာဖတ်သူ မရှင်းတာတွေ၊ သံခိပ်တွေ၊ ဗန်းစကားတွေ၊ အစိပ္ပာယ် ဝှက်တွေပါနေမှာမို့ ရှင်းပါရစေဦး။

ဒီနေရာမှာ 'လူ' ဆိုတာက သေရည်မှိုဝဲတတ်သူ။

'နတ်' ဆိုတာက . . . အငွေ့ပဲ မှိုဝဲသူ . ..

သစ်ခက်လေးစိုက်ပြီး 'ပြည်တည်' တယ်ဆိုတာ မြေဝိုင်းဇာတ်မှာက ဘာ Setting မှ မရှိဘူးလေ။ သစ်ခက်၊ သစ်စိမ်းချိုး၊ သစ်ကိုင်းလေး စိုက်လိုက်တာနဲ့ ဒါ အမည်မသိ ဗာရာဏသီပြည်ကြီး ဖြစ်လေသကိုးဆိုပြီး တိုင်းပြည်ကြီး ဖြစ်တော့တာကလား။ ကျွန်တော်တို့ ကိုဇော်သစ်၊ ရဲသွင်၊ ထူးအိမ်သင်ဆိုပြီး ရန်ကင်း (၄) လုံးတန်း၊ အမှတ် ၂၂၅၊ အခန်း ၁၃ မှာ စတည်းချတုန်းက မိုးလင်းတာနဲ့ ဘိုးတော်က စပြီ။

'ကရင်ရေ . . . မင့်ပြည်လေးတည်တော့ကွာ' ပဲ။

ကျွန်တော် စတဲ့ စကားလုံးပါ။ 'ပြည်' တည်ဖို့ ကျောက်ကုန်း ဒေါ်နွဲ့ ဆိုင်ရှေ့က အရက်ဆိုင်ကို ပြေးရတယ်။ Red Lable တစ်လုံး၊ Coke တစ်လုံးနဲ့ ရေခဲဆွဲပြီး ပြန်လာရတာပေါ့လေ။ ဒီ 'ဒေါ်နွဲ့' ဆီပဲ ဘိုးတော် ချောင်းတွေဆိုးတုန်းကလည်း ကျွန်တော်ပဲ ပြေးခဲ့ရတာပါ။ ခုတော့ ချောင်း မဆိုးတော့ဘဲ ချွဲပျော်အောင် သစ်ခက်လေးစိုက်တာ။ အင်းလေ 'လူ' ဖြစ် လိုက် . . . 'နတ်' ဖြစ်လိုက်ပေါ့လေ။

(၅)

'ပြော . . . ကိုသျှပ်၊ ဘယ်လိုကြီးတုန်းဗျာ'

'မင်း . . . ကိုသစ်မင်းရေးတဲ့ သီချင်းတစ်ပုဒ်ရတယ် မဟုတ်လား၊ The Rays အဖွဲ့လိုက်ထုတ်ခဲ့တဲ့၊ 'တေးရောင်ခြည်ခရီးစဉ်' ခွေထဲမှာ ကို အော်စတင်ကြီး ဆိုခဲ့တဲ့သီချင်းလေကွာ'

'အဲဒီခွေမှာ . . . ဒီဘိုးတော်က ၂ ပုဒ်ဆိုတာလေ'

'ဟိုသီချင်းကွာ . . . အချစ်လေးပဲ × × × ကိုယ့်ဘက်ကရှိ × × × ဘယ်သူမှမရှိ × × × ဆိုတာလေကွာ'

'ဟုတ်ပြီ × × × အချစ်သာအင်အားပေါ့ × × × မြက်ပင်တောင်

mgyoe.com

mgyoe.com


ဆေးဖြစ်ရ × × × နောက်ဆုံးချိန်မှာ × × ×'

'အေး . . . အဲဒီသီချင်း၊ ငါ ပြန်ဆိုမလို့ ကိုသစ်မင်းကလည်း သူ ရေးတာ သူမမှတ်မိတော့ဘူး။ သီချင်းစာအုပ်ကလည်း ရှာမရဘူး။ အဲဒါ မင်း ငါ့ကို ပြန်ရေးပေးစမ်းကွာ'

ဖြစ်မှဖြစ်ရလေတယ်ဗျာ။ ကိုသစ်က ကိုယ်ရေးခဲ့တာ ကိုယ်မသိတော့ ဘူးရယ်လို့။ ဒါနဲ့ ကျွန်တော် ချက်ချင်း ရေးပေးလိုက်ပါတယ်။

'ကျွန်တော်မှတ်မိတာကတော့ × × × ဒါအကုန်ပဲ'

'ဟေ့ကောင် . . . Verse, Chorus, Verse ဟုတ်ပြီ Bridge ကျန် သေးတယ်ကွ'

'ဒီသီချင်းမှာ Bridge မပါပါဘူးဗျာ'

'ငါ . . . ဒီသီချင်းရဲ့ Original နားထောင်ပြီးပြီး နှမစောင်းရဲ့'

'ဒါတော့ . . . ကျုပ်လည်း မသိတော့ဘူး'

'နေ . . . နေ . . . ငါ ကိုသစ်မင်းကို ဒီ Bridge ကို ဖြည့်ရေးခိုင်းမယ်'

ဒါနဲ့ ကိုသစ်မင်း၊ ဘိုးတော်၊ ကျွန်တော်တို့ရဲ့ 'ကျား' ညခင်း ပြီးဆုံး ခဲ့ပါတယ်။

ကာလတစ်ခုရောက်တော့ မြို့ထဲမှာ ဦးလှိုင် (သုခမိန်လှိုင်) နဲ့တွေ့ တော့ 'ဟေ့ကောင် . . . ငှက်ကြီးပြန်ဆိုဖို့ မောင်သစ်မင်း သီချင်းကို မင်း က ပြန်ရေးပေးရတယ်ဆို'

'ဟုတ်တယ် . . . ဦးလှိုင်ရ၊ ကိုသစ်ကလည်း မေ့နေလို့တဲ့'

'အေး . . . သီချင်းရေးခ . . . မင်းတစ်ဝက်ယူ'

'ဟောဗျာ . . . ဘာဆိုင်လို့တုံး'

'သီချင်းရေးဆရာကိုယ်တိုင်က ကိုယ့်သီချင်းကိုယ်မေ့နေတာလေ၊ မင်းက ရလို့ ပြန်ရေးပေးတော့ မင်းသီချင်းရေးခ တစ်ဝက်ယူပေါ့ကွ'

'မလုပ်ပါနဲ့ . . . ဦးလှိုင်ရယ် လူကြားမကောင်းပါဘူး'

'အေး . . . လူကြားမကောင်းရင် နွားကြားလို့တော့ ကောင်းတယ် ပေါ့၊ ဟင် . . . အောင်ချိမ့် ခေါ်တဲ့ နွားနို'

ဒီလိုတွေ အကြိတ်လည်း ခံရပေါ့ ကိုသျှပ်ရယ်။ ကိုသစ်မင်းနဲ့ ခင် ဗျားရဲ့ ပဋ္ဌာန်းဆက်ကလည်း ဆက်ဆက်နိုင်လွန်းဗျာ။

mgyoe.com

mgyoe.com


ကိုသစ် (မောင်သစ်မင်း) ရဲ့ တေးရေး ငွေရတု Tribute တုန်းကဲ လည်း 'သီချင်းနဲ့လူ' သီချင်းကို ခင်ဗျားကပြန်ဆိုတော့ VCD မှာ 'လေးတင် ရီ' လည်း မနေရ။ ခု ကျွန်တော်လည်း ဦးလှိုင်ရဲ့ အကြိုတ်ခံရ။

ကိုသစ် (မောင်သစ်မင်း) နဲ့ ခင်ဗျားရဲ့ပဋ္ဌာန်းဆက်က ကျွန်တော်နဲ့ ခင်ဗျား ၈၉ လမ်း၊ အမှတ် ၂၇ မှာ နေကတည်းက မသက်မသာနဲ့ စခဲ့တာ ပဲလေ။ အင်း . . . ကိုသစ်ရဲ့ ပယောဂတော့ လုံးဝမပါဘူး။

(၆)

ကိုသစ်မင်းကို ကျွန်တော်တို့ကြွေခဲ့တာ အမှန်ပေါ့ဗျာ။ 'တေးမြုံ့ငှက်' ဝတ္ထု၊ 'တေးမြုံ့ငှက်' သီချင်း 'မီလိုဆလာ့(ဗ်)ဟိုးလပ်(ဗ်)' ရဲ့ ကဗျာကို ဘာသာပြန်ခဲ့တဲ့ 'ပါးနပ်တဲ့ တြိဂံတစ်ခု'၊ နောက်ဆုံး ဘိုဖြူဆိုတဲ့ 'ပြီးပြည့်စုံ တဲ့ ဘဝ' အထိ၊ ပုသိမ်မောင်စိမ်းသူလို့ ဂန္ထဝင်တွင်ခဲ့တဲ့ကဗျာဆရာ၊ တေး ရေးဆရာကြီးကို စောင့်ရှောက်ခဲ့တာအဆုံး ကိုသစ်မင်းကို ကျွန်တော်တို့ လေးစားတာ ဘာမှမဆန်းပါဘူးဗျာ။ Money ... အဲဒါက တကယ့်ပြဿနာ။

ကိုသျှပ် . . . ခင်ဗျားနဲ့ကျွန်တော် ပေါင်းသင်းကြတာ ခင်ဗျားမိန်းမ မိသွယ်ထက် စောမလားဘဲ။ ခင်ဗျားကို ရှင်းရှင်းလင်းလင်း မြင်နေရတယ်။ ဘာမှ မရှုပ်ထွေးဘူး။ ဘယ်သူ့ကိုမှ သွားမရှုပ်ဘူး။ အဲ . . . ခင်ဗျားကို လာရှုပ်ရင်လည်း 'အသိ' 'သတိ' မဲ့စွာ၊ ဒါမှမဟုတ် ဂရုမစိုက်စွာ၊ လက်ခံ တတ်တယ်လို့ ကျွန်တော် ဒီနေ့အထိ မြင်ရပါတယ်။ ဒါက ကျွန်တော် မြင်တာနော်။ ခင်ဗျား မိသားစုဝင်တွေ ရှိနေသေးတာပဲ။ ကျွန်တော် ဆင် ဆင်ခြင်ခြင် ရေးနေတာပါ။ တကယ်တော့ ဒီကိစ္စဟာ ကျွန်တော် တော် တော် မကျေနပ်တာပါ။ ကျွန်တော် အရင်သိရင် အနည်းဆုံးတော့ ခင်ဗျား ဆဲစေဦး၊ လက်ပဲပါစေဦး ... ကျွန်တော် လက်မခံဘူး။ ခင်ဗျားဝသီအတိုင်း 'မင်းဟာမင်း မခံနဲ့လေ... ငါဟာငါ ခံတာ ငါ့ကိစ္စပဲ' လို့ ပြောဦးမှာပါ။ ဒီကိစ္စက ဒီလို . . .

ကျွန်တော်က ကန်တော်လေး ၈၉ လမ်း၊ အမှတ် – ၂၇ ခင်ဗျားအိမ် မှာ နေခဲ့တယ်။ နေ့ခင်း ခင်ဗျားနဲ့အတူ အရင်ကလို မလိုက်နိုင်တော့ဘူး။ ၃၅–လမ်း၊ AZ ပန်းချီ ကိုမြင့်ဝင်း (မြင့်ဝင်းမောင်) ဆီမှာ Ozone Bind-

mgyoe.com

mgyoe.com


ing ဆိုပြီး စာအုပ်ချုပ်လုပ်ငန်းလုပ်နေရတဲ့ ကာလပေါ့ဗျာ။ နံနက်အလုပ်သွား၊ ညနေပြန်။ တစ်နေ့တော့ ခင်ဗျားက ပြောလာတယ်။

'ဟေ့ကောင် . . . မနက်ဖြန် မင်း မြင့်ဝင်းဆီ မသွားနဲ့၊ ငါနဲ့ Studio D ကို လိုက်ခဲ့ကွာ၊ ငါ ရုပ်ရှင်သီချင်းသွင်းဖို့ ရှိတယ်'

'ဟောဗျာ . . . ဘယ်ဇာတ်ကားတုံးဗျ'

'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်'

'ဘယ်သူ့သီချင်းလဲဗျ'

'ကိုသစ်မင်း ရေးတာတဲ့ကွ၊ တစ်ပုဒ်က Pinkfloyd ရဲ့ Money၊ နောက်တစ်ပုဒ်ကတော့ Heavy Rock တစ်ပုဒ်ပဲ'

ဒါနဲ့ . . . အဲဒီ နံနက် ၈၉– လမ်း တစ်လမ်းလုံး ရေလာ၊ မီးလာသလို ဝုန်းဒိုင်းကြဲကုန်ရောဗျာ။ မင်းသားကြီးနဲ့သူ့ P.S.O ကိုသန်းထိုက်တို့ မာစီးဒီအနက်ကြီးနဲ့ ဘိုးတော်ကို လာပင့်တာ။ မင်းသားကြီးက ဂျင်းဘောင်းဘီ အတိုနဲ့၊ ထုံးစံအတိုင်း ကိုသျှပ်ကတော့ 'ကိုဘအေးရေ . . . ကျွန်တော် Toliet သွားဦးမယ်၊ ခဏနော်' ဆိုပြီး နောက်ဖေးဝင်သွားတော့ မင်းသားကြီး ပြုံးလို့။ ငါလည်း ဒီလိုပါပဲ၊ တစ်ချိန်ကဆိုတဲ့ အပေါက်နဲ့ပေါ့။ ကိုဘအေး ဆိုတာ ဒီတုန်းက နာမည်ကြီးခဲ့တဲ့ ဒါရိုက်တာ ကိုမိုးပွား ရိုက်ခဲ့တဲ့ 'အကြွေး' ထဲက ဇာတ်လိုက်ကြီးနဲ့ နာမည်။ '၁၀' နှစ်၊ '၁၀' နှစ်လို့ ခု . . နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ကိုကျော်သူကို လက်ဆယ်ချောင်း ထောင်ပြလိုက်တဲ့ ကိုဘအေးပေါ့။ ခုတော့ ကိုဘအေးက ဆက်တီမရှိတဲ့ အိမ်ရှေ့ခန်းမှာ ဖျာပေါ်မှာ ငုတ်တုတ်ကြီး။

ဒါနဲ့ . . . ခင်ဗျားအိမ်သာက ထွက်လာတယ်။ ကိုဘအေးတို့ သွားနှင့် ကျွန်တော့်သူငယ်ချင်းနဲ့ လိုက်ခဲ့မယ်ဆိုပြီး ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ ကားမောင်းတဲ့ ထွန်းထွန်းရယ်က Studio D ကို လိုက်ခဲ့ကြတယ်ပေါ့ဗျာ။ လမ်းမှာ Black Label တစ်လုံးလည်း ဝယ်ခဲ့သေးတယ်။ Coke နဲ့ Whisky ။ ဖန်ခွက်က Studio D မှာ ရှိတယ်။ အိုကေ။ Studio D ရဲ့ Console Room ထဲမှာ ကိုကြည် (ကိုကြည်မင်းသိန်း) ကိုယ်တိုင် အသံဖမ်းလို့၊ မင်းသားကြီးက ပြုံးလို့၊ ကျွန်တော်က ဝီစကီပုလင်းနဲ့အသင့်။ 'ကရင်ရေ . . . ဝမ်းပက်ကွာ' ဆိုရင် ဒီက အလိုက်ကြီးပဲ။

mgyoe.com